# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၇၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် သစ်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက အကျိုးများစွာ ဖြစ်ထွန်းစေမည်

နေပြည်တော် ဒီဇင်ဘာ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် Jeng Phang နော်တောင်၊ စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်းနှင့် ဦးအောင်နိုင်ဦး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားရှိသည့် ပြကွက်များကို စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

## အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၃

ရေဝတီတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ၂ ရက်တာ ပုသိမ်မြို့ရှိ မြို့တော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ထုတ်ကုန်များကို ယုံကြည်စိတ်ချစွာ လာရောက်ယှဉ်ပြိုင်ရောင်းချနိုင်ကြောင်း သိရသည်။

သတင်းစဉ်


**ယနေ့ ဖတ်စရာ**

အတွေးများ၊ အယူများပြီ ဆိုမှဖြင့် | ဆောင်းပါး | စာ - ၁၂

ပထမဆုံး အိမ်ရှင်အဖြစ်ကျင်းပမယ့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ - ဒေသတွင်းအဆင့်ပြိုင်ပွဲမှာ Winner ရရှိအောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ | တွေ့ဆုံမေးမြန်း | စာ - ၁၆

# အကြံသစ်၊ ဉာဏ်သစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်း

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) များကို ပြည်တွင်းစီးပွားရေး အားပေးရန်၊ ပြည်ပသွင်းကုန် အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။ MSME တွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှုနှင့် အခြားဟူ၍ ကဏ္ဍလေးရပ်ရှိသည့်အနက် ကုန်ထုတ်လုပ်မှုကဏ္ဍကို အဓိကမြှင့်တင်နိုင်ရန် ကြိုးပမ်းနေခြင်းပင်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် MSME များ ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရန်အတွက် MSME များ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့် မူဝါဒတို့ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေကို ၂၀၁၆ ခုနှစ်တွင်လည်းကောင်း ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ မိမိတို့နိုင်ငံတွင် မှတ်ပုံတင်ထားသည့် MSME လုပ်ငန်းပေါင်း ၄၀၀၀၀ ကျော်ရှိသော်လည်း ထုတ်ကုန်အများစုမှာ အရည်အသွေး အားနည်းမှုကြောင့် ဈေးကွက်တွင် ဈေးကောင်းမရ၊ မျက်နှာမလှ ဖြစ်ကြရသည်။ အရည်အသွေးအားနည်းရခြင်း၏ အကြောင်းရင်းခံမှာ စက်ကိရိယာများ ခေတ်မမီခြင်း၊ နည်းပညာနိမ့်ကျခြင်းနှင့် လူသားအရင်းအမြစ် အားနည်းခြင်းတို့ပင်ဖြစ်သည်။

"ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ရာတွင် အစားအစာများ၊ အဖျော်ယမကာများ၊ အထည်အလိပ်နှင့် အထည်ထုတ်လုပ်မှု၊ သားရေထွက်ကုန်ပစ္စည်းများ၊ သစ်အချောထည်ပစ္စည်းများ၊ ဆေးဝါးနှင့်ရက္ခဗေဒဆိုင်ရာ ပစ္စည်းများ၊ ရော်ဘာနှင့် ပလတ်စတစ်ဆိုင်ရာ ပစ္စည်းများ၊ သတ္တုမဟုတ်သည့် တွင်းထွက်ပစ္စည်းများ၊ အခြေခံသတ္တုပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက် ပစ္စည်းများကို အခြေခံသည့် ပစ္စည်းများကို ထုတ်လုပ်ခြင်းသည် မိမိတို့နိုင်ငံအတွက် လက်တွေ့ကျကျထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများဖြစ်သဖြင့် ပထမဦးစားပေးအနေဖြင့် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း" ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့ရာ မိမိနိုင်ငံမှ လုံလုံလောက်လောက် ရရှိနိုင်သည့် ကုန်ကြမ်းများနှင့် နည်းပညာလိုအပ်ချက်များလည်း ခက်ခက်ခဲခဲ မပါရှိဘဲ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများဖြစ်သည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးတွင် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့အပြင် ပြည်တွင်းထုတ်ကုန်ပစ္စည်းများ၏ ပြည်တွင်းဈေးကွက်ကို အကာအကွယ်ပေးနိုင်ရန်လည်း လိုအပ်သည်။ အမျိုးအစားတူ ပြည်ပသွင်းကုန်များအပေါ် အခွန်ပမာဏ တိုးမြှင့်ကောက်ခံခြင်း၊ တရားမဝင် ကုန်သွယ်မှုများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းခြင်းနှင့် အဂတိလိုက်စားမှုများ ကင်းစင်အောင် ဆောင်ရွက်ခြင်းတို့ဖြင့်လည်း MSME များ ဖွံ့ဖြိုးတိုးတက်ရေးကို အားဖြည့်ပေးရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးရေး နိုင်ငံတော်က အဘက်ဘက်မှ အားပေးမြှင့်တင်လျက်ရှိသည့် အခြေအနေ အချိန်အခါကောင်းတွင် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ လုပ်ကိုင်နေသည့် လုပ်ငန်းများ တိုးတက်အောင်မြင်ရေး အကြံသစ်၊ ဉာဏ်သစ် ခွန်အားသစ်များဖြင့် အားထုတ်ကြိုးပမ်းကြကာ ပြည်တွင်းမှာသာမက ပြည်ပဈေးကွက်များသို့ အဆင့်အတန်းမြင့်မားစွာ ထိုးဖောက်ဝင်ရောက်နိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ချစ်စိန် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်နှင့် ပြည်ထောင်စုနယ်မြေရှိ လူမှုဖူလုံရေးအကျုံးဝင် ဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှု ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ယနေ့တွင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် ပြည်ထောင်စုနယ်မြေရှိ လူမှုဖူလုံရေးအကျုံးဝင် ဝန်ကြီးဌာနများဖြစ်သည့် စက်မှုဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနများသို့ ကွင်းဆင်းဆေးကုသမှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ စက်မှုဝန်ကြီးဌာနမှ အာမခံအလုပ်သမား ၁၇၉၈ ဦးရှိသည့်အနက် အာမခံအလုပ်သမား ၂၅၁ ဦးကို လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အာမခံအလုပ်သမား ၁၆၆၆ ဦးရှိသည့်အနက် အာမခံအလုပ်သမား ၁၉၁ ဦးကိုလည်းကောင်း ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။



လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်ရှိ အကျုံးဝင် အာမခံ အလုပ်သမားပေါင်း ၁ ဒသမ၂၃ သန်းခန့်၏ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များကို အလုပ်သမားဆေးရုံကြီး သုံးရုံ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ရုံးခွဲပေါင်း ၉၉ ရုံး၊ မြို့နယ် ဆေးခန်းပေါင်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၇ ခန်း၊ PPS စနစ်ဖြင့် Fee for services payment ဆေးခန်း ၁၂ ခန်း၊ Capitation payment ဆေးခန်း ၂၅ ခန်း၊ သားဖွားမီးယပ်ဝန်ဆောင်မှု ဆေးခန်း ရှစ်ခန်းနှင့် တိုင်းရင်းဆေးကုခန်း တစ်ခန်းများအပြင် ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးနှင့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ဒီဇင်ဘာ ၁၄ ရက်အထိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနများရှိ အာမခံအလုပ်သမားများအတွက် ဆေးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များသို့ ကွင်းဆင်းဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟိုပုံးမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**ဟိုပုံး ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နောင်တောင်းပရဟိတကျောင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက နောင်တောင်းပရဟိတတပ်ဦးကျောင်း၌ ပြုလုပ်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်က အမှာစကားပြောကြားပြီး ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် စကားဝိုင်းကို ကျင်းပရာ Grade-10 နှင့် Grade-11 ကျောင်းသူလေးဦးက "လူငယ်နှင့် စာပေ"၊ "လူငယ်နှင့် ဆိုရှယ်မီဒီယာ"၊ "လူငယ်နှင့် ယဉ်ကျေးမှု" နှင့် "လူငယ်နှင့် အားကစား" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန် ဆွေးနွေးကြသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်နှင့် အဖွဲ့ဝင်များက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသူများအား ဆုများချီးမြှင့်ပေးကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**






## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးအားပေးရန်၊ ပြည်ပသွင်းကုန် အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

❐ *ရွှေဖုံးမှ*

**“ ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် အရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် အကျိုးရှိစွာ အသုံးချစေလို၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အချိန်ကာလတစ်ခုအထိ ကြာမြင့်ပြီး ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ဆောင်ရွက်ရ၊ လျှပ်စစ်ဓာတ်အား လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားအသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင် ”**

## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ မြစ်ကြီးနား စီးပွားရေးဖွံ့ဖြိုးရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စက်မှုရပ်ကွက် ကော်မတီဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် စက်မှုရပ်ကွက်အတွင်း စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ချေးငွေများ ထုတ်ပေးမှုနှင့် လုပ်ငန်းတိုးချဲ့ ဆောင်ရွက်လျက်ရှိမှု၊ One Village One Product ထုတ်လုပ်နိုင်ရေး ဒေသအလိုက် ထုတ်ကုန်အမယ် သတ်မှတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု စသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် “စွမ်းအင်ပြည့်လျှံ” အဆင့်မြင့်လောင်စာတောင့် လုပ်ငန်းရှင် ဦးအောင်သန်းထွဋ်ဦး၊ “ရွှေအုပ်ဆောင်း” ပယင်းကျန်းမာရေးထုတ်ကုန် လုပ်ငန်းရှင် ဒေါ်နီနီလွင်၊ “ဖြိုးဝေဝေ” စက္ကူ Recycling လုပ်ငန်းရှင် ဦးဘင်ဂျမင်၊ “မနော့မြန်မာ” စက်ရက်ကန်းလုပ်ငန်းရှင် ဦးသန်းဝင်းနှင့် လုပ်ငန်းရှင်များက ကချင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ လုပ်ငန်းအလိုက် အခက်အခဲများ တွေ့ကြုံနေရမှုနှင့် အစိုးရမှ လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှု၊ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ချောထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ကုန်သွယ်မှု အခွန်ပမာဏလျှော့ကျစေရေး သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးစေလိုမှု၊ အတိုးနှုန်းသက်သာသည့် ရင်းနှီးမတည်ချေးငွေများကို ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ကချင်အထူးဒေသ(၁)မှ ဦးဇခုန်ယိန်းဆောင်က ချီဖွေ၊ ပန်ဝါ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးမှုများကို ယင်းဒေသရှိဒေသခံပြည်သူများက အထူးကျေးဇူးတင်ရှိသည့် အခြေအနေများ၊ ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်လာစေရေးအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရေးနှင့် အခြားဒေသတွင်း လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ အထွေထွေဆွေးနွေးတင်ပြကြသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက နယ်စပ်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်၍ လူသားအရင်းအမြစ်များမွေးထုတ်ပေးလျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ရေးမှအစ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ကာ လိုအပ်သည်များကို ဝန်ကြီးဌာနအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေတစ်ရပ် ထူထောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ ရင်းနှီးမတည်ငွေများ ဆောင်ရွက်ပေးခဲ့မှု၊ MSME အခန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိပြီး ရန်ပုံငွေတစ်ရပ် ထူထောင်ကာ လိုအပ်သည်များ ရင်းနှီးမတည်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ချေးငွေနှင့် ပတ်သက်၍ နိုင်ငံတော်မှ ခေါင်းစဉ်အမျိုးမျိုးဖြင့် ထုတ်ပေးထားသည့် ချေးငွေများကို သတ်မှတ်ကာလအပိုင်းအခြားနှင့်အညီ အချိန်မီ ပြန်လည်ပေးဆပ်ရန် လိုအပ်မှု၊ နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်သည်မှန်သမျှကို လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ပေးရန် အသင့်ရှိသည့်အတွက် လုပ်ငန်းရှင်များမှလည်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်မှု၊ MSME လုပ်ငန်းများ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှသာလျှင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုအပ်မှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေး ပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

## MSME လုပ်ငန်းများကို အားပေးမြှင့်တင်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးသို့ သွားရောက်၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် MSME လုပ်ငန်းများ မြှင့်တင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲ နိုင်ငံသာမက ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် ပြည်တွင်းစီးပွားရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းကျော်သည် MSME လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးပါသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ စတင်၍ စီးပွားရေးဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုများ၌ အားနည်းချက်များရှိခဲ့ခြင်းကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ရကြောင်း၊ နိုင်ငံခြားဝင်ငွေများ ရရှိခြင်းမရှိခဲ့ဘဲ ပြည်ပမှ သွင်းကုန်များကို တင်သွင်းခဲ့မှုများကြောင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ Non Trade လုပ်ငန်းများမှ ရရှိသည့် ငွေကြေးများဖြင့် သွင်းကုန်များ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှု မရှိခဲ့ဘဲ ပြည်ပသွင်းကုန်ကိုသာ အားထားဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေ အများအပြားရှိခဲ့ပြီး တိုင်းပြည်အတွက် စိုးရိမ်ဖွယ်ရာ အနေအထားသို့ ရောက်ရှိခဲ့ကာ ကြွေးမြီအများအပြား ဖြစ်ပေါ်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် လက်ရှိနိုင်ငံ့တာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်ပမှ ချေးငွေနှင့် အထောက်အပံ့များရရှိမှု မရှိသော်လည်း ပြည်ပချေးငွေများကို ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံ၏စီးပွားရေးမှာ အထိုက်အလျောက် ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုစီးပွားရေးကို အားပေးဆောင်ရွက်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်စီးပွားရေး တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက ဝယ်လိုအားတက်လာမည်ဖြစ်ကြောင်း၊ ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို ပြည်တွင်းစီးပွားရေးအားပေးရန်၊ ပြည်ပသွင်းကုန် အစားထိုးရန်နှင့် ပြည်ပပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

## လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီ လိုအပ်ချက်

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သကဲ့သို့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည်လည်း အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအားလျှပ်စစ်များ ထုတ်လုပ်မည်ဆိုပါက မီဂါဝပ် ၄ သောင်းခန့် ထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများ ရပ်တန့်ခဲ့ရကြောင်း၊ ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ် ထုတ်ယူနိုင်သည့် အရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် အကျိုးရှိစွာ အသုံးချစေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အချိန်ကာလတစ်ခုအထိ ကြာမြင့်ပြီး ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် ဆောင်ရွက်ရကြောင်း၊ လျှပ်စစ်ဓာတ်အား လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားအသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ တစ်ဖက်မှလည်း လျှပ်စစ်ဓာတ်အားများကို ချွေတာသုံးစွဲကြရန် လိုကြောင်း။

အလားတူ မိမိတို့အနေဖြင့် စက်သုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရမှုကြောင့် နိုင်ငံခြားငွေ သုံးစွဲမှုများ များစွာကုန်ကျလျက်ရှိကြောင်း၊ ထို့ကြောင့် စက်သုံးဆီများကို တတ်နိုင်သမျှ ချွေတာသုံးစွဲရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲရန် မလိုအပ်သည့် စက်ဘီးကဲ့သို့သောယာဉ်များကို တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် အသုံးပြုကြစေလိုကြောင်း၊ ကုန်စည်ပို့ဆောင်ရေးတွင်လည်း စက်သုံးဆီသုံးစွဲမှုနည်းပါးပြီး ကုန်စည်များစွာကို ပို့ဆောင်နိုင်သည့် ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း ချွေတာသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေ ကုန်ကျမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း။

> ❝ ဒေသတွင်း ဆန်ဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးရေးတွင် အဓိက အခြေခံအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်မှုရှိရေး စသည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးကို စနစ်တကျဖြင့် အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးကေများ တိုးချဲ့စိုက်ပျိုးခြင်းထက် တစ်ကေချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက် ❞




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ဒေသထုတ်ကုန်ကို အခြေခံသည့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်

ကုန်ဈေးနှုန်းမြင့်တက်မှုမှာ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်း၊ သယ်ဆောင်မှုစရိတ် မြင့်မားခြင်း၊ ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှု မရှိခြင်းများကြောင့်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ပြီးဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ကြောင်း၊ ပြည်တွင်း၌ ထုတ်ကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ကုန်ဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအားလုံး တိုးတက်လာစေရန်ဖြစ်ကြောင်း၊ တစ်ဦးချင်း၏ အကျိုးစီးပွားမှ နိုင်ငံ့အကျိုးစီးပွားကို တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကချင်ပြည်နယ်အတွင်း တစ်ဦးချင်းအကျိုးစီးပွားထက် အများ၏အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများမှ သွင်းကုန်အစားထိုး လူသုံးကုန်နှင့် စားသောက်ကုန်များကို ထုတ်လုပ်နိုင်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးမှုများသဖြင့် ရော်ဘာထွက်ကုန်များဖြင့် တာယာများနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ကြောင်း၊ ဒေသတွင်း လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ပါ ပြန်လည်တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ဝါးနှင့် သစ်များပေါများစွာရှိကြောင်း၊ အဆိုပါ သစ်နှင့် ဝါးများကိုအသုံးပြု၍ စက္ကူပျော့ဖတ်များထုတ်လုပ်ပြီး နိုင်ငံ၏ စက္ကူလိုအပ်ချက်ကို ဖြည့်တင်းနိုင်ကြောင်း၊ ဝါးကို အခြေခံသည့် အခြားလူသုံးကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ဝါးနှင့် ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မည်ဆိုပါက နိုင်ငံတော်မှ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် သစ်သီးများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဒေသတွင်း ဆန်ဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးရေးတွင် အဓိက အခြေခံအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေကောင်းမွန်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်မှုရှိရေး စသည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးကို စနစ်တကျဖြင့် အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးကေများ တိုးချဲ့စိုက်ပျိုးခြင်းထက် တစ်ကေချင်း အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိရိုးဖလာမွေးမြူရေးလုပ်ငန်းများအစား လှောင်၍မွေးမြူသည့်စနစ်ဖြင့် စနစ်တကျမွေးမြူမည်ဆိုပါက မွေးမြူရေးထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သောကြောင့် နိုင်ငံခြားဝင်ငွေများရရှိပြီး ဒေသနှင့် နိုင်ငံအတွက်အကျိုးများစွာဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း။

## လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး ပညာရေး အားပေးမြှင့်တင်

MSME လုပ်ငန်းများ အောင်မြင်စေရေးအတွက် အဓိကလိုအပ်ချက်မှာ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းတို့ ဖြစ်ကြောင်း၊ ယနေ့ ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပြီး ဒေသတွင်း အလွယ်တကူရရှိနိုင်သည့် ကုန်ကြမ်းများကို သုံးစွဲ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး အခြေခံပညာများ မြှင့်တင်ရေးအတွက် အစိုးရမှ တတ်နိုင်သည့်ဘက်မှ အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ အဆင့်မြင့်ပညာရေး မြှင့်တင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးကို မြှင့်တင်ခြင်းသည် လူတစ်ဦးချင်း၏ အနာဂတ်၊ တိုင်းပြည်၏ အနာဂတ်ကို မြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်မှုများကို မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသခံလုပ်ငန်းရှင်များမှလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလှည့်လည်ကြည့်ရှုပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ ယင်းရည်မှန်းချက် နှစ်ခုအပေါ်မူတည်၍ တိုင်းပြည်စည်းလုံးညီညွတ်မှုရရှိအောင် ဆောင်ရွက်ရမည်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ဗလမင်းထင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံ့သမိုင်းကြောင်း ဖြတ်သန်းခဲ့မှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံ့သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက တိုင်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိသည့် မိမိတို့၏ ပြည်ထောင်စု နိုင်ငံတော်ကြီးအား နယ်ချဲ့အင်္ဂလိပ်တို့မှ သိမ်းပိုက်ခဲ့ပြီး တောင်တန်းပြည်မ သွေးခွဲအုပ်ချုပ်ခဲ့မှုများကြောင့် တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် ခွဲခြားအုပ်ချုပ်ခဲ့ချိန်မှစ၍ မိမိတို့ပြည်ထောင်စုတိုင်းရင်းသားတို့၏ စိတ်အတွင်း၌ တိုင်းရင်းသားနယ်မြေများသည် ပြည်မမှ သီးခြားဖြစ်သည်ဟူသည့် အယူအဆများ ပေါ်ပေါက်လာခဲ့ကြောင်း၊ တိုင်းပြည်ကို ယခုအချိန်အထိ အန္တရာယ်ပေးခဲ့သည့် အချက်တစ်ချက်လည်းဖြစ်ကြောင်း၊ ယခုနှစ်သည် မိမိတို့နိုင်ငံ၏ စိန်ရတုပြည်ထောင်စုနှစ်ဖြစ်ပြီး လာမည့်နှစ်တွင် စိန်ရတုလွတ်လပ်ရေးနှစ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ စိန်ရတု ကာလသို့ ရောက်ရှိပြီဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများရှိနေဆဲဖြစ်ကာ ငြိမ်းချမ်းမှုအပြည့်အဝ မရရှိသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီး ကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေး မရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှု၊ အယူဝါဒကွဲပြားမှုများရှိခဲ့ကြောင်း၊ ၁၉၄၈ မတ်လတွင် ကွန်မြူနစ်ပါတီ တောခိုခဲ့ကြောင်း၊ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်ခန့်တွင် တရုတ်ဖြူတို့ ကျူးကျော်ခဲ့သဖြင့် တပ်မတော်က ပြန်လည်တိုက်ထုတ်ခဲ့ရကြောင်း၊ ထို့ပြင် ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ၊ အာဏာရပါတီတွင်း ပြဿနာများ ပေါ်ပေါက်လာခဲ့ပြီး ထိုစဉ်က ကမ္ဘာ၌ လက်နက်ကိုင်အဖွဲ့အစည်းအများဆုံး တိုင်းပြည်ဖြစ်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အတူတကွ ယှဉ်တွဲနေထိုင်နေသည့် ပြည်ထောင်စုကြီး မပြိုကွဲစေရေးအတွက် နိုင်ငံနှင့်အဝန်း ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

## လက်နက်ကိုင်ဆူပူမှုများအကြား ပြည်ထောင်စုကြီး မပြိုကွဲစေရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရ

ထိုကဲ့သို့ နိုင်ငံရေးပြဿနာများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ပါတီတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရ တက်လာခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က အုပ်ချုပ်ဆောင်ရွက်ခဲ့ကြောင်း၊ အစိုးရအနေဖြင့် ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရာ၌ နိုင်ငံရေးသမားများ၊ ဆိုရှယ်လစ်စနစ်ကို ထောက်ခံသည့် ပြည်သူလူထုတို့ဖြင့် ပူးပေါင်း၍ လမ်းစဉ်ပါတီကို တည်ထောင်ကာ ၁၉၈၈ ခုနှစ်အထိ လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်း များစွာရှိကြောင်း၊ ဆိုရှယ်လစ်စနစ်၏ အားနည်းချက်၊ စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်း ဖြစ်ပေါ်လာခဲ့ကြောင်း၊ ၎င်းအရေးအခင်း၌ တိုင်းပြည်၏ အခြေအနေယိမ်းယိုင်လာခဲ့ပြီး အချုပ်အခြာ အာဏာပြိုကွဲမည့် အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရပြီး ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏ လုပ်ငန်းများ ရပ်တန့်ခဲ့သဖြင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်း တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် တစ်ပါတီ ဆိုရှယ်လစ်စနစ်ကို မကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေး ကျဆင်းခဲ့ရခြင်းတို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရေး ၎င်းနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု ရေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသား ပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များ ပါဝင်သော အမျိုးသားညီလာခံ၌ အချေအတင် ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။

ဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရတစ်ရပ် တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်း ကာလတွင် ရွေးကောက်ပွဲအနိုင်ရသည့် အစိုးရသစ်တစ်ရပ် တက်လာခဲ့ကြောင်း၊ အစိုးရသစ်၏ စီမံခန့်ခွဲမှု အားနည်းချက်များရှိခဲ့ခြင်းကြောင့် စီးပွားရေး ကျဆင်းမှုများ ဖြစ်ပေါ်လာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့်လည်း နိုင်ငံ၏ စီးပွားရေး ပိုမိုကျဆင်းခဲ့ကြောင်း၊ နိုင်ငံရေးအရ အသုံးချ၍ မရိုးမသား ဆောင်ရွက်မှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် မဲအနိုင်ရရှိရေး မသမာသည့် နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ပြီး မဲမသမာမှုဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန်တပ်မတော်မှပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်ခေါ်ယူရန်အထိပင်

☆ နိုင်ငံသားအချင်းချင်း သဘောထားကွဲလွဲပြီး စည်းလုံးညီညွတ်မှု ပြိုကွဲပါက နိုင်ငံ၏အားသည်လည်း လျော့နည်းသွားသည်ကို တွေ့ရမည်

☆ မိသားစုတစ်စု၌ပင်ဖြစ်စေ စည်းလုံးညီညွတ်မှုရှိမှသာလျှင် စုစည်းညီညွတ်သည့်အားကို ရရှိနိုင်မည်ဖြစ်ပြီး မိမိ မိသားစု၏ လုံခြုံမှုနှင့် လူမှုစီးပွားဘဝမြင့်တက်မှုကို ရရှိစေမည်

☆ တပ်တွင်းရှိ အရာရှိ၊ စစ်သည် မိသားစုများအားလုံးသည်လည်း စည်းလုံးညီညွတ်ရန်လိုကြောင်း၊ စည်းလုံးညီညွတ်မှု၏ အားသည် သက်ရောက်မှုများစွာရှိသဖြင့် အားလုံးစည်းလုံး ညီညွတ်စွာဖြင့် နေထိုင်ကြရန်လို

*စာမျက်နှာ ၆ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၅ မှ*
ဖြစ်လာသဖြင့် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်များကို အခြေခံဥပဒေနှင့်အညီ ဝင်ရောက် ထိန်းသိမ်း ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော် လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်ပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖည်စေမည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေကြောင်း။

### စုစည်းညီညွတ်သည့်အားဖြင့် နိုင်ငံတော်ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ဆောင်ရွက်

ထိုကဲ့သို့သော မဲမသမာမှုဖြစ်စဉ် ဖြစ်ပေါ်ခဲ့မှု အပေါ်မူတည်၍ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ စည်းလုံးညီညွတ်မှုပျက်ပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ **ဝါးတစ်စည်းတွင် အစည်းပြေသွားပါက အားလျော့တတ်သကဲ့သို့ လူတို့တွင်လည်း အချင်းချင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာပါက စုစည်းညီညွတ်မှုအား ယုတ်လျော့ပြီး ပြိုကွဲတတ်သည်ကို သင်ခန်းစာယူကြရန်**လိုကြောင်း၊ နိုင်ငံသားအချင်းချင်း သဘောထားကွဲလွဲပြီး စည်းလုံးညီညွတ်မှုပြိုကွဲပါက နိုင်ငံ၏အားသည်လည်း လျော့နည်းသွားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိသားစုတစ်စုဥပမာဖြစ်စေ စည်းလုံးညီညွတ်မှုရှိမှသာလျှင် စုစည်းညီညွတ်သည့်အားကို ရရှိနိုင်မည်ဖြစ်ပြီး မိမိမိသားစု၏ လုံခြုံမှုနှင့် လူမှုစီးပွားဘဝမြင့်တက်မှုကို ရရှိစေမည်ဖြစ်ကြောင်း၊ တပ်တွင်းရှိ အရာရှိ၊ စစ်သည်မိသားစုများအားလုံးသည်လည်း စည်းလုံးညီညွတ်ရန်လိုကြောင်း၊ စည်းလုံးညီညွတ်မှု၏ အားသည်သက်ရောက်မှုများစွာရှိသဖြင့် အားလုံးစည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တော်တည့်မှန်ကန်သည့် ခေါင်းဆောင်မှု ဖြစ်ရန်နှင့် ညီညွတ်မျှတသည့်အုပ်ချုပ်မှုရှိရန်လိုကြောင်း၊ အိမ်ထောင်ဦးစီး ဖြစ်သူက တော်တည့်မှန်ကန်စွာနှင့် ညီညွတ်မျှတသည့် မေတ္တာတရားဖြင့် မိသားစုကို ဦးဆောင်နေထိုင်မည်ဆိုပါက မည်သို့မျှပြိုကွဲနိုင်မည်မဟုတ်ကြောင်း၊ တပ်မတော်တွင်း၌လည်း နေရာအလိုက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံများဖြစ်ရန်လိုပြီး လူ့သဘောသဘာဝများကို နားလည်စွာဖြင့် ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း။

မိသားစု တစ်စု၊ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် စသည်ဖြင့် အခြေခံမှစ၍ စည်းလုံးညီညွတ်ပြီး တပ်မတော်တစ်ရပ်လုံး စည်းလုံးညီညွတ်မည်ဆိုပါက မည်သူမျှ တပ်မတော်ကို ထိပါး၍ရမည်မဟုတ်ကြောင်း၊ **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်ပြီး တပ်တွင်းစည်းလုံးညီညွတ်မှုကို ခိုင်ခိုင်မာမာဖြင့်တည်ဆောက်နိုင်မှသာလျှင် နိုင်ငံတည်တံ့ခိုင်မြဲရေးအတွက်လည်း စိတ်ချနိုင်မည်ဖြစ်**ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများနှင့် လက်တွဲပြီး ဒို့တာဝန်အရေးသုံးပါးကို ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်လျက် ရှိကြောင်း၊ **မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင် ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူ Guardian အနေဖြင့် တည်ရှိနေမည်ဖြစ်**ကြောင်း၊ တပ်မတော်အနေဖြင့် စွမ်းရည်၊ စွမ်းအားမြင့်မားပြီး ကာကွယ်ရေးစွမ်းပကားမြင့်မားနေမှသာလျှင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်သူအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်းမှစ၍ စွမ်းရည်မြင့်မားရေး၊ လက်နက်စွမ်းပကားမြင့်မားရေးကို တည်ဆောက်ပေးနေခြင်းဖြစ်ပြီး စည်းလုံးခြင်းအင်အား၊ စုစည်းညီညွတ်သည့်အားကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့်လည်း အလားတူပင်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများရှိနေခြင်းကြောင့် စုစည်းညီညွတ်သည့် အင်အားတစ်ခုရရှိရေးအတွက် ရည်မှန်းချက်နှစ်ခုပေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းရည်မှန်းချက် နှစ်ခုအနေဖြင့် **စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ယင်းရည်မှန်းချက်နှစ်ခုအပေါ်မူတည်၍ တိုင်းပြည်စည်းလုံးညီညွတ်မှုရရှိအောင် မိမိတို့အနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် မှန်ကန်သည့် စုစည်းညီညွတ်သည့်အားတစ်ခု မဖြစ်မနေ လိုအပ်သည့်အတွက် သင်ခန်းစာရယူနိုင်ရန် ယခုကဲ့သို့ နိုင်ငံ့သမိုင်းကြောင်းဖြတ်သန်းခဲ့မှု အခြေအနေများနှင့်တကွ အကျယ်တဝင့် ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း။

ထို့ပြင် ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နောက်ကျကျန်ရစ်၍ ရနိုင်မည်မဟုတ်ကြောင်း၊ အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင် စာပေလေ့လာမှုသာမက မိမိတို့၏ သားသမီးများကိုလည်း စာပေ၊ ဗဟုသုတမြင့်မားအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ **ပညာရေးနှင့် ပတ်သက်၍ ဖတ်ရှု၊ မှတ်သား၊ လေ့လာခြင်းဖြင့် အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာ မြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏ အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်** ကြောင်း မှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူစဉ်။

### စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များ ထမ်းဆောင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်ရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ဖြစ်မြောက်နိုင်စွမ်းနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**အမှတ်တရလက်ဆောင်များ ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။(ယာပုံ)

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းဟန်၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Dr.Nikolay LISTOPADOV လည်း တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား / အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ (၇၅) နှစ်မြောက် **စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲ** ပွဲစဉ်များကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဌာနခွဲများမှ အရာထမ်း/အမှုထမ်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**(ယာပုံ)**

**အနိုင်ရရှိ**

ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ **ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (အမျိုးသမီး)** ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ **(အမျိုးသား)** ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား) အသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့ကြသူများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က လည်းကောင်း၊ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆု ရရှိခဲ့ကြသူများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

**တံခွန်စိုက်ဒိုင်းဆုချီးမြှင့်**

ထို့နောက် ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော မကွေးတိုင်းဒေသကြီးအသင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ငွေသားဆု ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဗညားအောင်မိုးက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်း ၂၀ကိုလည်းကောင်း၊ ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု ငွေကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဒိုင်း ဆုကို ပေးအပ်ချီးမြှင့်သည်။

**ဆုတံဆိပ်နှင့် ငွေသားဆုချီးမြှင့်**

ဆက်လက်ပြီး ဘော်လီဘော **(အမျိုးသား)**ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသော ကရင်ပြည်နယ်အသင်းကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ငွေသားဆု ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က တစ်ဦးချင်းဆုတံဆိပ် နှင့် ငွေသားဆုငွေကျပ် ၁၅သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်း၂၀ကိုလည်းကောင်း၊ ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု ငွေကျပ်သိန်း ၃၀ နှင့် တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် (၇၅) နှစ်မြောက် **စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက် (၁၈) နှစ်အောက် ဘောလုံး (အမျိုးသမီး) ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းလေ့ကျင့်ရေးကွင်း အမှတ် (၁)၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ လေ့ကျင့်ရေး ကွင်းအမှတ် (၃) ၌ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

**သတင်းစဉ်**



# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၀/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့ စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ ဖိတ်ကြားရေးဆပ်ကော်မတီ ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅)နှင့် (၀၆၇-၃၄၁၂၇၁၆) သို့ (၂၀-၁၂-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။



## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ကြိုဆိုဂုဏ်ပြု ဘုရားကုန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား ကျင်းပ

အိမ်မဲ ဒီဇင်ဘာ ၁၃

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကွန်တိုင်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာတွင် လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်က ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လျှပ်စစ်မီးအား ခလုတ်နှိပ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘုရားကုန်းကျေးရွာအတွင်း လျှပ်စစ်မီးရရှိသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကွန်တိုင်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာတွင် အိမ်ထောင်စု ၁၂၀ ကျော် လူဦးရေ ၅၀၀ ကျော်ရှိပြီး လျှပ်စစ်မီးရရှိခြင်းကြောင့် ကျေးရွာနေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတို့ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်တိုင်းကျေးရွာအုပ်စု ကံကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သို့ သွားရောက်ကြည့်ရှုပြီး ကျောင်း၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး အားပေးစကားပြောကြားကာ စာရေးကိရိယာများ ထောက်ပံ့ပေးကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

## မြန်မာနိုင်ငံဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ စတုတ္ထအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့၏ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေအတွက် လိုအပ်သောရန်ပုံငွေရရှိနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခွင့်ပြုခဲ့ပါကြောင်း၊ ဆီစက်လုပ်ငန်းရှင်များသို့ ချေးငွေထုတ်ချေးနိုင်ရေး နိုင်ငံပိုင်သတင်းစာများမှအသိပေးကြေညာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီစက်လုပ်ငန်း ဖွံ့ဖြိုးရေး ချေးငွေအတွက် အတိုးနှုန်းနှင့် ချေးငွေဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဘဏ်များအနေဖြင့် ချေးငွေထုတ်ချေးရေး လုပ်ငန်းစဉ်များကို အချိတ်အဆက်မိမိ ဆက်လက်ဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက လုပ်ငန်းဆောင်ရွက်ထားရှိမှုများအပေါ် ရှင်းလင်းတင်ပြပြီးလုပ်ငန်းအဖွဲ့ဝင်များက ချေးငွေအတွက် အတိုးနှုန်း၊ ဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းစည်းမျဉ်းအရ ဘဏ္ဍာရန်ပုံငွေထူထောင်ခြင်း၊ ချေးငွေသက်တမ်းနှင့် ချေးငွေပြန်ဆပ်ကာလတို့နှင့် စပ်လျဉ်း၍ ချေးငွေလုပ်ငန်းစဉ်များ၊ ဆီစက်လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သောဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းနှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ဘူးသီးတောင်မြို့၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေး တောင်သူများနှင့် တွေ့ဆုံဆွေးနွေး



**ဘူးသီးတောင် ဒီဇင်ဘာ ၁၃**

ဘူးသီးတောင်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ရာတွင် ယနေ့နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ တောင်သူများနှင့် တွေ့ဆုံပွဲ ကျင်းပသည်။ **(ဝဲပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင် သက်ဇံက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညီက ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်နှင်းထွေးက ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဆောင်ရွက်သင့်သည့် အချက်များကို ဆွေးနွေးကာ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ(ကိုယ်စား) ကြီးကြပ်ရေးမှူး ဒေါ်မလှဝင်းက ချေးငွေကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြောင်း သိရသည်။ **လှကျော်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ချုခ်ဘွန်နာ ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ချုခ်ဘွန်နာကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးအား ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများ အထူးသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု အစရှိသည့် ကိစ္စရပ်များသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ချုခ်ဘွန်နာ ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၃**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ချုခ်ဘွန်နာကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေးအပေါ် သဘောထားနှင့် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာ မျက်နှာစာတွင် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ဆောင်ရွက်သွားရေးတို့အပေါ် ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီး သည် ကမ္ဘောဒီးယားအစိုးရ၏ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့် ကဏ္ဍမှပါဝင်၍ လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီများ ပေးအပ်ခြင်း အပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်ရေး ပြန်လည်တိုက်ဆိုင်စစ်ဆေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ကျင်းပပြုလုပ်ပေးမည် ဖြစ်သည့်အတွက် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပြီး ဥပဒေနှင့်အညီ မဲပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး လုပ်ငန်းများကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်း မဲစာရင်းပြုစုရာတွင် အခြေခံရမည့် လူဦးရေစာရင်းများ ပြည့်စုံမှန်ကန်စေရေး ပြန်လည်တိုက်ဆိုင် စစ်ဆေးရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး တွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးစိုးဦးက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် မဲဆန္ဒရှင် စာရင်း ပြည့်စုံမှန်ကန်စေရေး အတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ မေလအတွင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ရရှိလာသည့် စာရင်းများပေါ်တွင် အခြေခံ၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ လစဉ်တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ် အတွင်းရှိ ဥပဒေနှင့်အညီ နေထိုင်သော လူဦးရေစာရင်းကို မြို့နယ် တစ်ခုနှင့်တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း (Cross-Check) ဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ရှိလာသည့် နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ်နှင့် အထက်ထပ်နေသည့် စာရင်းများ ရှိကြောင်း၊ ယင်းစာရင်းများ မှန်ကန်စေရန်အတွက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ စိစစ်၍ အမြန်ဆုံးပြီးစီးရန် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်၏ ဥပဒေနှင့်အညီ နေထိုင်သူများစာရင်းကို မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း (Cross-Check) ဆောင်ရွက်ရာ၌ တွေ့ရှိရသည့် အချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး e- Government ဌာနမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းဦးက ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ၊ ပဲခူးတိုင်းဒေသကြီး နယ်မြေလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အဆင့်ဆင့်မှ အရာထမ်းများ၊ စုစုပေါင်း အင်အား ၁၀၃ ဦး တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် တိုက်ဆိုင်စစ်ဆေးခြင်း (Cross-Check) လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



❒ *ကျောဖုံးမှ*

ထိုင်းခရီးစဉ်အပြီး တစ်ရက်အကြာမှာပင် ပဏာမကစားသမားအချို့ လျှော့ချကာ ကစားသမား ၂၆ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများ ကစားခဲ့ပြီးဖြစ်သောကြောင့် အသင်း၏ လိုအပ်ချက်၊ အားနည်းချက်များကို ပြန်လည်ပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားခဲ့ပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းကလပ်များဖြစ်သည့် ချောင်ဘူရီအသင်းနှင့် ဆာမတ်ပရာကန်အသင်းတို့ကို အနိုင်ရသော်လည်း နောက်ဆုံးခြေစမ်းပွဲတွင် ထိုင်းလက်ရွေးစင်အသင်းကို ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ ၂၀၂၂ AFF Cup ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ လာအိုအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဒီဇင်ဘာ ၂၁ ရက်တွင် မလေးရှားအသင်းနှင့် အိမ်ကွင်း ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း ပဏာမကစားသမား ၂၆ ဦးစာရင်းတွင် **ဂိုးသမား** - ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်၊ ဆန်းဆက်နိုင်၊ ထွန်းနန္ဒဦး၊ **နောက်တန်း**-ဒေးဗစ်ထန်၊ နန္ဒကျော်၊ ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ သီဟထက်အောင်၊ ဟိန်းဇေယျာလင်း၊ ဇော်ရဲထွန်း၊ ကျော်ဇင်လွင်၊ ဝင်းမိုးကျော်၊ **အလယ်တန်း**-ရန်နိုင်ဦး၊ အောင်နိုင်ဝင်း၊ မြတ်ကောင်းခန့်၊ ဝေလင်းအောင်၊ ကျော်မင်းဦး၊ လင်းထက်စိုး၊ လွင်မိုးအောင်၊ ရဲရင့်အောင်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ **ရှေ့တန်း** - ဝင်းနိုင်ထွန်း၊ အောင်ကောင်းမာန်နှင့် နိုင်ဇင်ထက်တို့ ပါဝင်သည်။ ပြိုင်ပွဲတွင် ကစားသမား ၂၃ ဦးသာ ရွေးချယ်ရမည်ဖြစ်သောကြောင့် မြန်မာအသင်းအနေဖြင့် ကစားသမား သုံးဦး ထပ်မံလျှော့ချရမည်ဖြစ်သည်။

**ရဲရင့်လွင်**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်း
ဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

# မြန်မာ-ရုရှား ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၃

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation "ROSATOM" တို့ ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay Listopadov ၊ Russian State Atomic Energy Corporation "ROSATOM" ၏ Deputy Director General Mr. Spasskiy Nikolay နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (7th Eastern Economic Forum-EEF) ကာလအတွင်း စက်တင်ဘာ ၆ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ The State Atomic Energy Corporation Rosatom တို့အကြား Road Map ကို လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ထို့ပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့တွင် ကျင်းပသည့် ATOMEXPO-2022 ကာလအတွင်း ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom Energy Projects, Joint Stock Company တို့သည် ရုရှား-မြန်မာ Small Modular Reactor (SMR) Projects အတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်ရန်၊ NDA ကို နိုဝင်ဘာ ၂၁ ရက်တွင် လည်းကောင်း၊ MOU ကို နိုဝင်ဘာ ၂၂ ရက်တွင် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ ယခုကဲ့သို့ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စဉ်ဆက်မပြတ် တိုးတက် ဆောင်ရွက်ရေးအတွက် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်းအား လေ့လာမှုကို အထောက်အကူဖြစ်သော ကနဦးနေရာများကို ကြည့်ရှုလေ့လာဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ထို့ပြင် ဖြစ်မြောက်နိုင်စွမ်း လေ့လာနိုင်ရေးအတွက် လိုအပ်သော Terms of Reference (TOR) ကိုလည်း ယနေ့တွင် လက်မှတ်ရေးထိုးမည် ဖြစ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်မည်**

ဆက်လက်ပြီးလည်း SMR အတွက် ကနဦး လေ့လာဆန်းစစ်ချက်များတွင် လိုအပ်သော အခြေခံအချက်အလက် များကိုလည်း Working Group အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ROSATOM မှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံအတွင်းတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သော လေအားလျှပ်စစ်၊ အသေးစားရေအား လျှပ်စစ်များကိုလည်း မြေပြင်တွင် သွားရောက်လေ့လာကြည့်ရှု ဆောင်ရွက်ကြပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် လေအားလျှပ်စစ်ထုတ်လုပ်မှုကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် မြန်မာနိုင်ငံ၌ အလားအလာကောင်းများရှိသော နေရာခြောက်ခုတွင် စုစုပေါင်း မဂ္ဂါဝပ် ၈၁၀၀ ကျော်ခန့် ထုတ်လုပ်နိုင်ကြောင်း စူးစမ်းလေ့လာထားမှုအရ သိရှိရသဖြင့် ROSATOM အနေဖြင့် လေအားလျှပ်စစ်ထုတ်လုပ်မှုတွင် အမြန်ဆုံး ပူးပေါင်းဆောင်ရွက်နိုင်ရေး အထူးအလေးထားဆောင်ရွက်စေလိုပါကြောင်း၊ ရုရှား-မြန်မာ ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သည့် (၇၅) နှစ်မြောက်ကာလအတွင်း မိမိတို့နိုင်ငံကို ယခုကဲ့သို့ ကူညီဆောင်ရွက်ခဲ့မှုကို များစွာ အသိအမှတ် ပြုပါကြောင်းနှင့် အနာဂတ်တွင်လည်း ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်း ပြောကြားသည်။

**နည်းပညာပြန့်ပွားရေး**

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာပြည်သူလူထု၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များ ရရှိစေရန်အတွက် အရေးပါသည့် နည်းပညာဆိုင်ရာ အသိပညာ ပြန့်ပွားရေးလုပ်ငန်းများတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက်သည့် "ROSATOM" မှ ကျွမ်းကျင်သူများသည် အရည်အချင်း ပြည့်ဝစွာဖြင့် ပူးပေါင်းသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းနှင့် မိမိတို့အနေဖြင့်လည်း "ROSATOM" မှ ကျွမ်းကျင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ အပြည့်အဝ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian State Atomic Energy Corporation "ROSATOM" ၏ Deputy Director General Mr. Spasskiy Nikolay က မိမိတို့အနေဖြင့် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ စီမံကိန်း တည်ဆောက်ခြင်းတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုစီမံကိန်းသည် မြန်မာနိုင်ငံအတွက် ကာလကြာရှည်စွာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သော သဘောတူစာချုပ်များ ဆက်လက်ရေးထိုးနိုင်ပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay Listopadov က နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေရှည်စီမံကိန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး ယခုဆောင်ရွက်မည့် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းသည် တည်ဆောက်ချိန် ကြာမြင့်မှုမရှိဘဲ ရေရှည်လည်ပတ် မောင်းနှင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား "ROSATOM" တို့အကြား အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (IGA) မူကြမ်းကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rusatom Energy Project, Joint Stock Company တို့အကြား အသေးစား အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း အကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းအတွက် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ (Terms of Reference – TOR) ကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာနနှင့် Rosatom International Network တို့အကြား Joint Communication Plan for increasing public acceptance of atomic technologies in Myanmar ကိုလည်းကောင်း နှစ်နိုင်ငံတာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့ အထက (၁) တွင် လူငယ်များဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်းကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျောင်းသားကျောင်းသူ လူငယ်များ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်က လူငယ်များ အသိဉာဏ်ပညာ ဗဟုသုတ ပိုမိုရရှိစေရန်၊ စာပေဖတ်ရှုလေ့လာသည့် အလေ့အကျင့်များတိုးပွားစေရန်၊ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာစေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ယမင်းလှိုင် က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ အထက(၁) မှ ကျောင်းသား ကျောင်းသူများဖြစ်သည့် Grade 9 မှ မဖြိုးဖြိုးအောင်က လူငယ်နှင့် ကျန်းမာရေး၊ Grade 11 မှ မောင်ဖြိုးဝေယံက လူငယ်နှင့် ပညာရေး၊ Grade 11 မှ မောင်အောင်ခန့်ဇော်က လူငယ် နှင့်စာကြည့်တိုက်၊ Grade 10 မှ မမေသဥ္ဇာလွင်က လူငယ်နှင့် အားကစား စသည့်ခေါင်းစဉ်များဖြင့် စကားဝိုင်းဖွဲ့ ဦးဆောင်ဆွေးနွေးပြောကြားခဲ့ပြီး အထက (၁) မှ အထက်တန်းပြဆရာ ဦးမြင့်ဇော်က ခေါင်းစဉ်အသီးသီးနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများကလည်း မိမိတို့၏ အတွေးအမြင်များကို ပါဝင်ဖြည့်စွက်ဆွေးနွေးသည်။

ဖြူလူသစ်(ပြန်/ဆက်)

## ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီး ဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံ တပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီး ဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိ သည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်နှင့် ယနေ့တို့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်လေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီးတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများ စသည့် စားသောက်ကုန် ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးမြို့ ဘုရင့်နောင်ရုပ်တုနှင့် ရင်ပြင်ပန်းခြံ ဖွင့်ပွဲအခမ်းအနားကျင်းပ

ပဲခူး ဒီဇင်ဘာ ၁၃

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၁၂ ရက် ညနေပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ်(၈)ရပ်ကွက် ပဲခူးတက္ကသိုလ်အနီး ရန်ကုန်-မန္တလေးလမ်းနှင့် ပဲခူးမြို့ရှောင်လမ်း အကြားတွင် ဘုရင့်နောင်ရုပ်တုနှင့် ရင်ပြင်ပန်းခြံ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။**(ယာပုံ)



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက (၁၆)ရာစု အရှေ့တောင်အာရှသမိုင်းတွင် ကျော်ကြားသော ဒုတိယပြည်ထောင်စုမြန်မာနိုင်ငံကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပြီး ဟံသာဝတီ(ပဲခူး)တွင် ကမ္ဘောဇသာဒီနန်းတော်၌ နန်းစိုက်ခဲ့သော ဘုရင်ဧကရာဇ် တစ်ဦးဖြစ်သူ ဘုရင့်နောင် ကျော်ထင်အနော်ရထာ (ဘုရင့်နောင်မင်းတရားကြီး)၏ ရုပ်တုအား ထုလုပ်ထားရှိ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဟံသာဝတီ(ပဲခူး)သည် ဘုရင့်နောင်မင်းတရားကြီး နန်းစိုက်ခဲ့သော နန်းစံရာနေပြည်တော်ဖြစ်သောကြောင့် ပဲခူးမြို့နေပြည်သူများ ဂုဏ်ယူဝင့်ကြွားစေရန်နှင့် မိမိတို့မြို့အား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လှပအောင် စောင့်ရှောက်ထိန်းသိမ်းကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဘုရင့်နောင်ရုပ်တုနှင့် ရင်ပြင်ပန်းခြံအား တိုင်းဒေသကြီးဝန်ကြီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖွင့်ပွဲသို့တက်ရောက်လာသည့် တိုင်းရင်းသား ရိုးရာအကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များနှင့် သူနာပြုသင်တန်းသားများကို ဂုဏ်ပြုငွေများပေးအပ်ပြီး ဘုရင့်နောင်ရုပ်တုနှင့် ရင်ပြင်ပန်းခြံကို လှည့်လည်ကြည့်ရှုကြသည်။ ညပိုင်း၌ ဘုရင့်နောင်ရုပ်တုရင်ပြင် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မီးပုံပျံများလွှတ်တင်ခြင်း၊ တေးဂီတဖျော်ဖြေခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကွန်ချောင်းရေလှောင်တမံမှ နွေစပါးနှင့် ဆောင်းနှောင်းနေကြာ စိုက်ပျိုးရေကို ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ပေးဝေမည်

**မြန်အောင် ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်အတွင်း နွေစပါး ၃၀၄၂ ဧက၊ ဆောင်းနှောင်း ၂၈၆၇ ဧက စိုက်ပျိုးရန်အတွက် ကွန်ချောင်းရေလှောင်တမံမှ ဒီဇင်ဘာ ၁၅ ရက်တွင် ရေစတင်ပေးဝေမည် ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်ကွန်ချောင်းရေလှောင်တမံ၌ ရေလှောင်ပမာဏ ဧကပေ ၉၈၄၀၀ သိုလှောင်ထားရှိပြီ ဖြစ်ကြောင်း၊ ကွန်ချောင်းရေလှောင်တမံဆည်ရေဖြင့် နွေစပါးနှင့် နေကြာသီးနှံစိုက်ပျိုးမည့် ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ် အတွင်းရှိ ဆည်ရေသောက်ကျေးရွာများမှ တောင်သူလယ်သမားများအား ကြိုတင်အသိပေးထားပြီး မြန်အောင်မြို့နယ်အတွင်း နွေစပါး ၁၅၈၂ ဧက၊ ဆောင်းနှောင်းနေကြာ ၈၁၁ ဧကနှင့် ကြံခင်းမြို့နယ်အတွင်း နွေစပါး ဧက ၁၄၆၀၊ ဆောင်းနှောင်းနေကြာ ၂၀၅၆ ဧက စိုက်ပျိုးနိုင်ရန် ရေပေးဝေမည်ဖြစ်ကြောင်း သိရသည်။



ကွန်ချောင်း ရေလှောင်တမံ လက်ဝဲလက်ယာ မြောင်းမကြီးများ အပါအဝင် လက်တံမြောင်းများနှင့် တိုက်ရိုက်လက်တံခွဲမြောင်းများတွင် ရေစီးရေလာကောင်းမွန်ရေး အတွက် ဆောင်ရွက်ထား ရှိကြောင်းနှင့် နွေစပါး စိုက်ပျိုးရာတွင် ရေညီညွတ် မျှတစွာရရှိရေးအတွက် ဆည်ရေအသုံးချသူများအဖွဲ့(WUG)များ ဖွဲ့စည်းထားရှိပြီး သက်ဆိုင်ရာ ဌာနများဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဌေးထံမှ သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**

## မြန်မာ့မီးရထားမှ ဒီဇင်ဘာကျောင်းပိတ်ရက် ရန်ကုန် - မန္တလေး လေအိတ်ရထား နေ့စဉ်ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာ့မီးရထားမှ ခရီးသွားပြည်သူများအဆင်ပြေစေရန် ဒီဇင်ဘာကျောင်းပိတ်ရက်ဖြစ်သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ အမှတ်(၅)အဆန်နှင့် အမှတ်(၆)အစုန် လေအိတ်ရထားအား ယခင် ဗုဒ္ဓဟူးနေ့၊ သောကြာနေ့၊ တနင်္ဂနွေနေ့ ပြေးဆွဲနေရာမှ နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်သည်။

အဆိုပါ အမှတ်(၅)အဆန်ရထားသည် ရန်ကုန်မှ ညနေ ၃ နာရီ ၄၅ မိနစ်ထွက်ပြီး နောက်တစ်နေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် မန္တလေးသို့ ရောက်ရှိမည် ဖြစ်သည်။ အမှတ်(၆) အစုန်ရထားသည် မန္တလေးမှ ညနေ ၃ နာရီ ထွက်ပြီး နောက်တစ်နေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်သို့ရောက်ရှိမည်ဖြစ်သည်။

လမ်းဘူတာများဖြစ်သည့် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**အာကာလင်း**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်နေ စိုးမိုးအေး(ခ)စိုးမိုးသည် ၎င်းအသုံးပြုသည့် “Soe Moe” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လှိုင်ဘုံသာရပ်ကွက်နေ ဝင်းထိန်ဦး (ခ) ကိုအောင်သည် ၎င်းအသုံးပြုသည့် “Ko Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်နေ စုစုသည် ၎င်းအသုံးပြုသည့် “Su Su” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အတွေးမှား၊ အယူမှားပြီ ဆိုမှဖြင့်

ဘကြီးကောင်း

**မောင်မြင့်အေးရေ . . .**

လောကီကိစ္စတွေမှာပဲ ဖြစ်ဖြစ်၊ လောကုတ္တရာနယ်ပယ်မှာပဲဖြစ်ဖြစ် အတွေးမှား၊ အယူမှားတွေဖြစ်တည်လာပြီဆိုမှဖြင့် လောကသားတွေအဖို့ ပစ္စုပ္ပန်၊ သံသရာနှစ်ရပ်စလုံး အကျိုးစီးပွားတွေ ဆုတ်ယုတ်ပျက်စီးကုန်တော့တာပါပဲ။

အတွေးမှား၊ အယူမှားမှုတွေနဲ့ ပတ်သက်ပြီး သီတဂူဆရာတော်ကြီးက

"မိစ္ဆာသက်ပ္ပ ဂေါစရာ – မှားယွင်းတဲ့အကြံအစည်လျှင် ကျက်စားရာအာရုံရှိ၍ နေကြကုန်သော၊ ယေနရာ – အကြင်လူရော နတ်ပါ သတ္တဝါတို့သည်၊ အသာရေစ – အနှစ်အဆိုင် အခိုင်အမာမရှိတဲ့တရား၌လည်းပဲ၊ သာရမတိနော– အနှစ်သာရရှိတယ်လို့ မှတ် ထင်ကြကုန်၏၊ သာရေစ – အနှစ်သာရရှိတဲ့ တရား၌ကား၊ အသာရဒဿိနော– အနှစ်သာရမရှိဘူးရယ်လို့မှတ်ထင်ကြကုန်၏။

တေ – ထိုအနှစ်ကို အကာထင်၊ အကာကို အနှစ်လို့ ပြောင်းပြန်မြင်ကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့သည်၊ မိစ္ဆာသက်ပ္ပ ဂေါစရာ – မှားယွင်းတဲ့အကြံအစည်လျှင် ကျက်စားရာ အာရုံရှိကြကုန်သည်ဖြစ်၍၊ သာရံ– တကယ့်အနှစ်စစ် အနှစ်မှန်ဆိုတဲ့ တရားကို၊ နာဓိဂစ္ဆန္တိ – လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိမရရှိနိုင်ကြလေကုန်သတည်း။

မိစ္ဆာသက်ပ္ပ – အကြံမှားတာ၊ အတွေးမှားတာ၊ အတွေးမှား၊ အကြံမှားတာကို မိစ္ဆာသက်ပ္ပလို့ခေါ်ပါတယ်။ အတွေးအကြံမှားသွားရင် အယူအဆပါ မှားသွားတတ်တယ်။ မှားယွင်းသွားတဲ့ အယူအဆများကို မိစ္ဆာဒဿနလို့ခေါ်ရတယ်။

ဒါကြောင့် အတွေးအကြံမှားတဲ့ ပုဂ္ဂိုလ်များဟာ အယူအဆပါမှားတတ်တယ်။ အယူဝါဒပါ မှားသွားတတ်တယ်။ စာလိုပြောရင် မိစ္ဆာသက်ပ္ပကြောင့် မိစ္ဆာဒဿနဖြစ်တတ်တယ်လို့ သဘောကျပြီးတော့ထားပါ" စသည်ဖြင့် "ဘဝတန်ဖိုး" ဆိုတဲ့ ခေါင်းစဉ်နဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ်များက ဟောကြားတော်မူခဲ့ပါတယ်။ တရားနာပရိသတ်တွေ နှစ်သက်သဘောကျလွန်းလို့ ဒီတရားတော်ကို စာအုပ်အဖြစ် အကြိမ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရပါတယ်။

### အကျိုးစီးပွားတွေ ဆုတ်ယုတ်

မှန်ပါတယ်။ လူ့ဘုံလောကမှာ မိစ္ဆာသက်ပ္ပ၊ မိစ္ဆာဒဿနဆိုတဲ့ အတွေးမှား၊ အကြံမှား၊ အယူအဆမှားတွေကြောင့် အနှစ်ကို အကာထင်၊ အကာကို အနှစ်လို့ ပြောင်းပြန်မြင်ပြီး ပစ္စုပ္ပန်၊ သံသရာနှစ်ရပ်စလုံး အကျိုးစီးပွားတွေ ဆုတ်ယုတ်ပျက်စီးသွားကုန်ခဲ့ကြတဲ့ သာဓကတွေကလည်း အများအပြားပါပဲ။

လွန်ခဲ့တဲ့ ၁၆ ရာစု၊ ၁၇ ရာစုဝန်းကျင်က အိန္ဒိယပြည် ဆောဂါးကျွန်းမှာ လူအများဟာ နတ်ကွန်းရှေ့မှာ ဆိုင်းသံဗုံသံတွေနဲ့အတူ ဘုရားအာရုံယူပြီး ပင်လယ်ထဲကို အစုလိုက်၊ အပြုံလိုက်ခုန်ချကာ ငမန်းအစားခံကြသတဲ့။ ငမန်းတွေက မစားနိုင်တော့လို့ နှုတ်သီးနဲ့ ထိုးလွှတ်တဲ့အခါ ဘုရားသခင်က

**❀ လူ့ဘုံလောကမှာ မိစ္ဆာသက်ပ္ပ၊ မိစ္ဆာဒဿနဆိုတဲ့ အတွေးမှား၊ အကြံမှား၊ အယူအဆမှားတွေကြောင့် အနှစ်ကို အကာထင်၊ အကာကို အနှစ်လို့ ပြောင်းပြန်မြင်ပြီး ပစ္စုပ္ပန်၊ သံသရာနှစ်ရပ်စလုံး အကျိုးစီးပွားတွေ ဆုတ်ယုတ်ပျက်စီးသွားကုန်ခဲ့ကြတဲ့ သာဓကတွေကလည်း အများအပြား**

**❀ မှားယွင်းတဲ့အတွေးအခေါ်၊ အယူအဆတွေက အလွန်ကြောက်မက်ဖွယ် ကောင်းလှပါတယ်။ အသိဉာဏ်ပညာ အတွေးအခေါ် အယူအဆတွေ၊ ယဉ်ကျေးမှုတွေ တိုးတက်လာပြီဆိုတဲ့ ဒီဘက်ခေတ်ကာလတွေမှာလည်း ဒါမျိုးကိစ္စတွေက ရှိနေဆဲ၊ ဖြစ်ပျက်နေဆဲ**

ငါ့ကိုခေါ်တော်မမူဆိုပြီး ဝမ်းနည်းပက်လက် ငိုကြွေးကြသတဲ့။

တစ်ခါ ဩရိဿနယ်မှာလည်း အိမ်လောက်မကကြီးမားတဲ့ "ဂျဂါနော့သ်" နတ်ကွန်းယာဉ်ကြီးကို လူပေါင်းရာချီ တွန်းဆွဲလာစဉ် ဘီးရှေ့မှာ အလျားမှောက်အသေခံခြင်း၊ သံဆူးချိတ်ကြီးများနဲ့ လည်ပတ်လျက်ရှိတဲ့ ဘီးကြီးကို ကျောနဲ့ပြေးကပ်အစူးခံပြီး သွေးသံရဲရဲနဲ့ ချာလပတ်ရမ်း လည်ကျအောင် အသေခံခြင်းဖြင့် ဘုရားသခင်ထံသွားသူများအကြောင်းကို ပေါ်တူဂီဘုန်းကြီး ဆီဘာရှိုမန်ရစ်ဆိုသူက ရေးခဲ့ဖူးတယ်။

အိန္ဒိယပြည် ကောသမ္ဗီနယ်မှာလည်း ၁၇ ရာစုက ကောင်းကင်ဘုံ (ထာဝရ၊ ဗြဟ္မာ့ပြည်) သို့ တက်သော သစ်ပင်ကြီးတစ်ပင် ရှိခဲ့ဖူးသတဲ့။ လူအများဟာ Tree of Death ဆိုတဲ့ သေမင်းတမန် သစ်ပင်ကြီးပေါ်ကို ကြိတ်ကြိတ်တိုးမျှ တက်ကြပြီး ခုန်ချကြသတဲ့။ ကောင်းကင်ဘုံသွားသူတို့ရဲ့ အရိုးတွေ သစ်ပင်ကြီးအောက်မှာ စုပုံနေကြောင်း တရုတ်ရဟန်းတော်ဟီယွန်ဆင်က ကိုယ်တွေ့မျက်မြင် ရေးသားခဲ့ပါတယ်။

### အလွန်ကြောက်မက်ဖွယ်ကောင်း

မှားယွင်းတဲ့အတွေးအခေါ်၊ အယူအဆတွေက အလွန်ကြောက်မက်ဖွယ် ကောင်းလှပါတယ်။ အသိဉာဏ်ပညာ အတွေးအခေါ် အယူအဆတွေ၊ ယဉ်ကျေးမှုတွေ တိုးတက်လာပြီဆိုတဲ့ ဒီဘက်ခေတ်ကာလတွေမှာလည်း ဒါမျိုးကိစ္စတွေက ရှိနေဆဲ၊ ဖြစ်ပျက်နေဆဲပါ။

၁၉၇၈ ခုနှစ် နိုဝင်ဘာလမှာ အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့က ဂျင်မ်ဂျုံးဂိုဏ်းဝင်ပေါင်း ၉၀၀ ခန့်ဟာ တစ်ပြိုင်နက် အဆိပ်သောက်သေကြသတဲ့။ သူတို့က ကမ္ဘာကြီးပျက်တော့မယ်ဆိုတဲ့ အယူဝါဒကို လက်ကိုင်ထားကြသူတွေပါ။

၁၉၈၅ ခုနှစ်ကလည်း ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း တောင်ပေါ်ကျေးရွာမှာ ဒေသခံမျိုးစု အကြီးအကဲတစ်ဦးက ဘုရားသခင်ကို တွေ့မြင်ရမယ်ဆိုတဲ့ အာမခံချက်အရ တိုင်းရင်းသားလူမျိုးစုထဲက လူ ၇၀ ခန့်ဟာအစုလိုက်အပြုံလိုက်သေပွဲဝင်ခဲ့ကြတယ်။

**❒ မိမိတို့ဘဝမှာ တကယ်ဆင်ခြင်စဉ်းစားရမှာက အပြစ်ရှိတဲ့အရာလား အပြစ်မရှိတဲ့အရာလား၊ အကုသိုလ်လား ကုသိုလ်လား၊ ပညာရှိတွေ ကဲ့ရဲ့တဲ့အရာလား ချီးမွမ်းတဲ့အရာလား၊ လက်တွေ့ကျင့်သုံးလို့ရှိရင် ကောင်းကျိုးချမ်းသာကို ပေးတတ်သလား ဆင်းရဲဒုက္ခကို ပေးတတ်သလားဆိုတာတွေကို ဒီအတိုင်းအတာတွေနဲ့ ဆင်ခြင်သုံးသပ်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ကာ လက်တွေ့လိုက်နာကျင့်သုံးကြရမှာဖြစ်**

သေပွဲဝင်ကြသူများဟာ ဒါဗိုပြည်နယ်ရှိ တောတောင်များမှာနေထိုင်ကြတဲ့ အာတာလူမျိုးစုအဖွဲ့ဝင်များဖြစ်ကြပါတယ်။ ဘုရားသခင်နဲ့ တွေ့ကိုတွေ့ရမယ်ဆိုတဲ့ အာမခံချက်နဲ့ လူမျိုးစုခေါင်းဆောင်နဲ့ ဘာသာရေးအကြီးအကဲဖြစ်သူက ပိုးသတ်ဆေးခတ်ထားတဲ့ ယာဂုကို တိုက်ကျွေးရာမှ အဲဒီလို အစုလိုက်အပြုံလိုက် အတုံးအရုံးသေဆုံးခဲ့ကြခြင်းဖြစ်ပါတယ်။ လူမျိုးစုအကြီးအကဲလည်း သေပွဲဝင်သူများထဲမှာ တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါတယ်။

မနီလာမြို့ အရှေ့တောင်ဘက် မိုင် ၆၀၀ ခန့်အကွာ ဒါဗိုပြည်နယ်ရှိ အခင်းဖြစ်ပွားရာ ဝုမီတန်ကျေးရွာဟာ တောအထပ်ထပ်၊ တောင်အထပ်ထပ်နဲ့ လမ်းပန်းဆက်သွယ်မှု ခက်ခဲတာကြောင့် မသေဘဲကျန်ရှိနေတဲ့ လူအချို့ကို ဆေးကုသရေးအဖွဲ့က တပ်မတော်ရဟတ်ယာဉ်တွေနဲ့ သွားရောက်ကုသပေးခဲ့ရပါတယ်။

၁၉၉၅ ခုနှစ်ကလည်း ဂျပန်နိုင်ငံမှာ ဘာသာရေးအစွန်းရောက်သူတို့ရဲ့ လက်ချက်ကြောင့် အပြစ်မဲ့ပြည်သူအချို့ အတုံးအရုံး သေဆုံးခဲ့ကြရပြန်ပါတယ်။ ဒီတစ်ခါမှာတော့ အစွန်းရောက်သူတွေဟာ သူတို့ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် သတ်သေကြတာမျိုးမဟုတ်ဘဲ တိုကျိုမြေအောက်ရထားမှာ Sarin Gas အဆိပ်ငွေ့တွေကို ထီးအချွန်နဲ့ ထိုးဖောက်ခွဲခဲ့လို့ အပြစ်မဲ့ပြည်သူအချို့ အဆိပ်သင့်သေဆုံးခဲ့ရခြင်းဖြစ်ပါတယ်။

မြန်မာတွေကတော့ အဆိုပါ ဘာသာရေး အစွန်းရောက်ဂိုဏ်းကို ဉုံဂိုဏ်းလို့ ခေါ်ခဲ့ကြပါတယ်။ အပြည်အစုံကတော့ Aum Shinrikyo (ဉုံရှုရိန်ကျို) ဂိုဏ်းလို့ခေါ်ပြီး အဖွဲ့ခေါင်းဆောင်က ရှိုလိုအာဆာဟာရာဆိုသူ ဖြစ်ပါတယ်။ သူ့အယူဝါဒကလည်း အမေရိကန်က ဂျင်မ်ဂျုံးဂိုဏ်းလိုပဲ ကမ္ဘာကြီးပျက်တော့မယ်ပေါ့။ ကမ္ဘာကြီးပျက်ရင် သူတို့ ဉုံဂိုဏ်းဝင် လူကောင်းတွေပဲ ရှင်သန်ကျန်ရစ်မယ်ပေါ့။

**မောင်မြင့်အေးရေ ...**

မြတ်ဗုဒ္ဓနဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို နှစ်နှစ်ကာကာ ကိုးကွယ်ယုံကြည်ကြတဲ့ တို့ဗုဒ္ဓဘာသာဝင်တွေအဖို့ကတော့ ကံကောင်းတယ်လို့ ဆိုရမယ်။ အမျိုးမျိုး အဖုံဖုံသော အယူအစွဲတွေနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဗြဟ္မဇာလသုတ်နဲ့ ကာလာမသုတ်တွေကို သံဃာတော်အရှင်သူမြတ်များ ကျေးဇူးကြောင့် နာယူခွင့်ရခဲ့ကြတယ်။

ဗြဟ္မဇာလသုတ်မှာ "အကျယ်အားဖြင့် ၆၂ ပါး တိတိရှိတဲ့ မိစ္ဆာဒိဋ္ဌိတို့ကို တစ်ပြုံလုံး အမြစ်ပြုတ်အောင်ပယ်သတ်နိုင်သောတရားကား ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်တယ်။

အမျိုးမျိုးအဖုံဖုံ ယူကြစွဲကြလေသမျှဟာ အတ္တဟူသော အယူအစွဲအပေါ်မှာ အခြေခံသည်ချည်းဖြစ်တယ်။ သည်မိစ္ဆာဒိဋ္ဌိဟာ 'ငါ' ဟူ၍လည်းကောင်း၊ 'ငါ့ဟာ'ဟူ၍ လည်းကောင်း တွေးကြံဖန်တီးတတ်တယ်။ ဆရာကောင်းထံ နည်းမခံခြင်း၊ အလွဲအမှား တရားကြားနာမှတ်သားရခြင်းစတဲ့ အကြောင်းတရားများကြောင့်သာ ဖြစ်ပေါ်လာရ၏" စသည်ဖြင့် နာယူမှတ်သားရပါတယ်။

ကာလာမ(သို့မဟုတ်) ကေသမုတ္တိသုတ်မှာလည်း မြတ်စွာဘုရားရှင်က ကာလာမ အမျိုးသားတွေကို အမှန်တရားကို ရှာဖွေတဲ့အခါမှာ တစ်ဆင့်ကြားစကားနဲ့လည်း မရှာနဲ့။ ရှေးဘိုးဘွားဘီဘင် လက်ထက်ကတည်းကလုပ်လာတဲ့ Tradition ဆိုတဲ့ အစဉ်အလာနဲ့လည်း မရှာနဲ့။ လူပြောသူပြော ဒီလိုတဲ့ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ စာထဲမှာပါတယ် ဆိုတာနဲ့လည်း မရှာနဲ့၊ မဆုံးဖြတ်နဲ့။ အကြောင်းအကျိုးဆီလျော်အောင် တွေးတောဆင်ခြင်မှုဆိုတဲ့ တက္ကဗေဒ Logic နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ အနုမာန အတွေးအခေါ်မျိုးနဲ့လည်း မဆုံးဖြတ်နဲ့။ ကြောင်းကျိုးဆင်ခြင်တဲ့ နည်းနဲ့လည်း မဆုံးဖြတ်နဲ့။ ငါ့အယူ ဝါဒနဲ့ ကိုက်ညီတယ်ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ဖြစ်နိုင်တယ်ဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ တို့ဆရာပြောတဲ့စကားဆိုတာနဲ့လည်း မဆုံးဖြတ်နဲ့။ ကိုယ်ပိုင်ဉာဏ်နဲ့ သိပြီးတော့ ဆုံးဖြတ်ပါလို့ ဟောဖော်ညွှန်ပြဆိုဆုံးမခဲ့ပါတယ်။

### စိတ်ဝင်စားစရာ

ကာလာမသုတ္တန် စတင်ဖြစ်ပေါ်လာခြင်းရဲ့ အကြောင်းရင်းကလည်း စိတ်ဝင်စားစရာကောင်းသလို နှောင်းလူတို့အတွက်လည်း အကျိုးရှိပါတယ်။ ကေသမုတ္တမှာနေတဲ့ ကာလာမ အမျိုးသားတွေဟာ မြတ်စွာဘုရားရှင်နဲ့ တွေ့တဲ့အခါမှာ "အရှင်ဘုရား၊ တပည့်တော်တို့ ကေသမုတ္တမှာ သမဏ၊ ဗြာဟ္မဏတွေ ရောက်ရောက်လာကြတယ် ဘုရား။ လာသမျှ ပုဂ္ဂိုလ်တွေဟာ ကိုယ့်ဝါဒကောင်းကြောင်းပြောပြီး သူများဝါဒကိုရှုတ်ချပြီး ပြောဆိုသွားကြတာချည်းပဲ။ နောက်တစ်စုကလာပြန်လည်း ဒီလိုပဲ။ ကိုယ့်ဝါဒ အကောင်းပြော ကိုယ့်ဟာ အမှန်ပြောပြီး သူများဝါဒကို ရှုတ်ချပစ်ပယ်ပြီး သွားကြတယ်။ အဲဒီတော့ ဘယ်သူမှားလို့ ဘယ်သူမှန်တယ်ဆိုတာ တပည့်တော်တို့မဝေခွဲနိုင်ဘူး ဘုရား" လို့ လျှောက်တင်ကြရာက အစပြုဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါတယ်။

**မောင်မြင့်အေးရေ ...**

တို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအနေနဲ့လည်း လောကီ၊ လောကုတ္တရာအရေး ကိစ္စတွေမှာ အတွေးမှား၊ အယူမှားတွေ၊ ဝေခွဲမရ သံသယတွေ ကင်းစင်လွင့်ပျောက်ဖို့ဆိုရင် ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဟောကြားတော်မူခဲ့တဲ့ ကာလာမသုတ် အနှစ်ချုပ်တရားတော်လာ ဆုံးမဩဝါဒအတိုင်း မိမိတို့ဘဝမှာ တကယ်ဆင်ခြင်စဉ်းစားရမှာက အပြစ်ရှိတဲ့အရာလား အပြစ်မရှိတဲ့ အရာလား၊ အကုသိုလ်လား ကုသိုလ်လား၊ ပညာရှိတွေ ကဲ့ရဲ့တဲ့အရာလား ချီးမွမ်းတဲ့အရာလား၊ လက်တွေ့ကျင့်သုံးလို့ရှိရင် ကောင်းကျိုးချမ်းသာကို ပေးတတ်သလား၊ ဆင်းရဲဒုက္ခကို ပေးတတ်သလားဆိုတာတွေကို ဒီအတိုင်းအတာတွေနဲ့ ဆင်ခြင်သုံးသပ်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ကာ လက်တွေ့လိုက်နာကျင့်သုံးကြရမှာဖြစ်ပါတယ်။

သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ။ ။

ကျမ်းကိုး – ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ "ကာလာမသုတ် အနှစ်ချုပ်"။
ဓမ္မာစရိယ ဦးငွေလှိုင်၏ "ဓမ္မဒူတ"။

# ကမ္ဘောဒီးယားအစိုးရတွင် ယခုနှစ် စက်တင်ဘာလအထိ ပြည်သူ့ကြွေးမြီ ကန်ဒေါ်လာ ၉ ဒသမ ၄၇ ဘီလီယံရှိဟုဆို

**ဖနောင်ပင် ဒီဇင်ဘာ ၁၃**

ကမ္ဘောဒီးယားအစိုးရတွင် ယခုနှစ် စက်တင်ဘာလအထိ ပြည်သူ့ကြွေးမြီ စုစုပေါင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၇ ဘီလီယံရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒီဇင်ဘာ ၁၃ ရက် ထုတ်ပြန်သော ပြည်သူ့ကြွေးမြီ စာရင်းအင်း ထုတ်ပြန်ချက်အရ သိရသည်။

ပြည်သူ့ကြွေးမြီစာရင်းတွင် နှစ်နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး မိတ်ဖက်နိုင်ငံများထံမှ ၆၈ ရာခိုင်နှုန်းနှင့် ဘက်စုံဖွံ့ဖြိုးဆဲ မိတ်ဖက်များထံမှ ၃၂ ရာခိုင်နှုန်းပါဝင်ကြောင်း အဆိုပါ ထုတ်ပြန်ချက်အရ သိရသည်။ ယခုနှစ် ဇန်နဝါရီလနှင့် စက်တင်ဘာလ အတွင်း ကမ္ဘောဒီးယားအစိုးရသည် ဖွံ့ဖြိုးဆဲ မိတ်ဖက်များနှင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ ဘီလီယံရှိ သက်သာသော ချေးငွေအသစ်များကို စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ထပ်မံချေးယူသော ငွေများကို ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုနှင့် စီးပွားရေးကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးမှုကဲ့သို့ဦးစားပေးသတ်မှတ်ထားသည့် ကဏ္ဍများရှိ ပြည်သူ့ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် မတည်ထောက်ပံ့သွားမည်ဟု ဆိုသည်။

ယခုနှစ် ပထမကိုးလအတွင်း ကမ္ဘောဒီးယား အစိုးရအနေဖြင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်နိုင်ငံများထံ အမေရိကန်ဒေါ်လာ ၃၁၁ ဒသမ ၆ သန်း၊ ဘက်စုံဖွံ့ဖြိုးဆဲမိတ်ဖက်များထံ အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၅ သန်းနှင့်အတူ ပြည်သူ့ကြွေးမြီပမာဏ ၄၀၄ ဒသမ ၅ သန်းသာ ဆပ်နိုင်ခဲ့သည်ဟု စာရင်းအင်း ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံမြောက်ပိုင်းနှင့် ဂျပန်ပင်လယ်ပြင်တစ်လျှောက် နှင်းမုန်တိုင်းကျနိုင်

**တိုကျို ဒီဇင်ဘာ ၁၃**

ဒီဇင်ဘာ ၁၅ ရက်အထိ ဂျပန်နိုင်ငံမြောက်ပိုင်းနှင့် ဂျပန်ပင်လယ်ပြင်တစ်လျှောက် နှင်းမုန်တိုင်း ကျဆင်းနိုင်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက သတိပေးထားသည်။

လေဖိအားနည်း ရပ်ဝန်းတစ်ခုနှင့် လေဆိုင်စုံများက ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် မြောက်ပိုင်း ဒေသများကို မိုးရွာသွန်းမှု ဖြစ်ပေါ်စေကြောင်း ဂျပန် မိုးလေဝသအေဂျင်စီက ပြောကြားလိုက်သည်။ လတ်တလောတွင် ဟော့ကိုင်းဒိုး၊ တိုဟိုကုဒေသနှင့် တောင်ကုန်းထူထပ်သော ကန်တိုဒေသတို့တွင် ဆီးနှင်းများ ကျဆင်းလျက်ရှိသည်။




ဂျပန်နိုင်ငံမြောက်ပိုင်းဒေသများနှင့် ဂျပန်ပင်လယ်တစ်လျှောက် နှင်းမုန်တိုင်းကျဆင်းနိုင်ကြောင်း မိုးလေဝသအစီအစဉ်ကြေညာသူက တင်ဆက်ပြောကြားနေစဉ်။

ဆောင်းရာသီ လေဖိအားနည်းရပ်ဝန်းက ဂျပန်နိုင်ငံမြောက်ပိုင်း၊ ဟိုကူရိကူနှင့် ဂျပန်ပင်လယ်ပြင်တစ်လျှောက် အအေးပိုလာနိုင်စေကြောင်း မိုးလေဝသအေဂျင်စီမှ အရာရှိများက ပြောကြားလိုက်သည်။

ဆောင်းရာသီ၏ ပြင်းထန်သော လေအေးများက အဆိုပါဒေသများဆီသို့ ရွှေ့လျားသွားမည်ဖြစ်ကြောင်း အရာရှိများက ဆက်လက် ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

# မြို့တော်ကဘူးလ်ရှိ ဟိုတယ်တစ်လုံးတွင် လက်နက်ကိုင်တိုက်ခိုက်မှုကြောင့် အများအပြားသေဆုံး

**ကဘူးလ် ဒီဇင်ဘာ ၁၃**

အာဖဂန်မြို့တော် ကဘူးလ်ရှိ ဟိုတယ် တစ်လုံး၌ လက်နက်ကိုင်များ ဒီဇင်ဘာ ၁၂ ရက်က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အဆိုပါတိုက်ခိုက်မှုကို မိမိတို့ပြုလုပ်ခဲ့သည်ဟု အိုင်အက်စ်အဖွဲ့က ပြောကြားလိုက်သည်။ အဆိုပါဖြစ်စဉ်တွင် တိုက်ခိုက်ရေးသမား သုံးဦးကို လုံခြုံရေးတပ်ဖွဲ့များက သတ်ဖြတ်နိုင်ခဲ့ကြောင်း တာလီဘန်အရာရှိတစ်ဦးက ပြောကြားလိုက်သည်။



အာဖဂန် မြို့တော်ကဘူးလ်ရှိ နိုင်ငံခြားသားများ လာရောက်တည်းခိုသော ဟိုတယ်တစ်လုံးတွင် တိုက်ခိုက်မှု ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

အဆိုပါဟိုတယ်သည် နိုင်ငံခြားသားများအကြား အထူးသဖြင့် တရုတ်နိုင်ငံမှ လာရောက်တည်းခိုသော နိုင်ငံခြားသားများကြား ထင်ရှားပေါ်လွင်သော ဟိုတယ်တစ်လုံး ဖြစ်သည်။

တိုက်ခိုက်မှုမှ လွတ်မြောက်ရန် ပြတင်းပေါက်မှ ခုန်ချခဲ့သော နိုင်ငံခြားသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသူ ၁၈ ဦးကို လက်ခံခဲ့ကြောင်းနှင့် သုံးဦးမှာ ဆေးရုံအရောက်တွင် သေဆုံးခဲ့ကြောင်း အီတလီပရဟိတအဖွဲ့က တည်ထောင်ခဲ့သော ဆေးရုံမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားလိုက်သည်။

သေဆုံးသွားသူများမှာ နိုင်ငံသား မည်သူမည်ဝါဖြစ်ကြောင်းကို တာဝန်ရှိသူများက အတည်မပြုနိုင်သေးကြောင်း သိရသည်။

ဒဏ်ရာ ရရှိသူများတွင် တရုတ်နိုင်ငံသား ငါးဦး ပါဝင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ ထို့အပြင် စစ်ဘက်နှင့် ရဲဘက်အရာရှိများလည်း သေဆုံးခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကို စစ်ဘက်က အပြင်းအထန်ရှုတ်ချခဲ့သည်။ အကြမ်းဖက် တိုက်ခိုက်မှုသည် အန္တရာယ်ရှိပြီး မိမိတို့အလွန် တုန်လှုပ်မိကြောင်း စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ပထမဆုံး ဒူးအစားထိုးခွဲစိတ်လုပ်ဆောင်မှုကို တရုတ်နိုင်ငံထုတ်စက်ရုပ် အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့

**ချန်ဒူ ဒီဇင်ဘာ ၁၃**

တရုတ်နိုင်ငံထုတ်စက်ရုပ်တစ်ရုပ်သည် ပထမဆုံး ဒူးအစားထိုးခွဲစိတ်လုပ်ဆောင်မှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ လုပ်ဆောင်နိုင်ခဲ့ခြင်းသည် လူသားခွဲစိတ်မှုအတွက် တရုတ်နိုင်ငံလုပ် စက်ရုပ်ကို ပထမဆုံး စီးပွားဖြစ်အသုံးပြုနိုင်ခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

## ဆယ်နှစ်ကျော်ကြာ ဒူးနာဝေဒနာခံစားနေရ

အရိုးခွဲစိတ်ဆရာဝန်များ၏ ထိန်းချုပ်မှုဖြင့် အဆိုပါစက်ရုပ်သည် တရုတ်နိုင်ငံ အနောက်ပိုင်း စီချွမ်တက္ကသိုလ်ရှိ ဆေးရုံ၌ အသက် ၇၃ နှစ်အရွယ်လူနာအား အဆစ်အစားထိုးခွဲစိတ်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၁၀ နှစ်ကျော်ကြာ ဒူးနာဝေဒနာခံစားနေရသော ထိုလူနာတွင် ပြင်းထန်သော ဒူးအဆစ်ရောင်ရမ်းရောဂါကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဆေးရုံ၏ အရိုးအထူးကုပါမောက္ခ ကျို့ရှောင်ကီက ပြောသည်။

ထို့အပြင် စက်ရုပ်အကူအညီဖြင့် ခွဲစိတ်ကုသမှုမပြုလုပ်မီ လူနာ၏ စီတီစကင်န်အချက်အလက်ကို ကွန်ပျူတာထဲသို့ ထည့်သွင်းပြီး ခွဲစိတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့ကျင့်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

## သက်ကြီးရွယ်အိုများတွင် အဖြစ်များ

အထူးသဖြင့် ဒူးအဆစ်ရောင်ရောဂါသည် သက်ကြီးရွယ်အိုများတွင် အဖြစ်များကြောင်းနှင့် စက်ရုပ်သည် လူနာတစ်ဦးချင်းစီ၏ အမျိုးမျိုးသော အခြေအနေများနှင့်အညီ လူသားများ ခွဲစိတ်ကုသရာတွင် ခွဲစိတ်ဆရာဝန်များကို ကူညီပေးနိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အသစ် ၃၆၆ ဦး စစ်ဆေးတွေ့ရှိ

**ဟနွိုင်း ဒီဇင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၁၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအသစ် ၃၆၆ ဦး စစ်ဆေးတွေ့ရှိခဲ့သော်လည်း ယခင်ရက်က တွေ့ရှိမှုထက် ၁၇ ဦး လျော့နည်းကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထပ်မံကူးစက်ခံရသူများကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၅၂၁၃၈၈ ဦးအထိ ရှိလာပြီဖြစ်သည်။ ဒီဇင်ဘာ ၁၃ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူတစ်ဦး ရှိသည့်အတွက် သေဆုံးသူပေါင်း ၄၃၁၇၉ ဦးအထိ ရှိလာပြီဖြစ်သည်။

ထပ်မံကူးစက်ခံရသူများသည် ပြည်တွင်းကူးစက်မှုများဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၁၃ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ပြင်းထန်လျက်ရှိပြီး အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ရန် လိုအပ်သူ ၄၇ ဦးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ လူနာ ၁၀၆၀၉၇၈၃ ဦး သို့မဟုတ် စုစုပေါင်း ရောဂါကူးစက်ခံရသူများ၏ ၉၂ ရာခိုင်နှုန်းကျော်သည် ရောဂါကင်းစင်၍ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ဆီမီးဖိုင်နယ်မှာ ပြင်သစ်ကို အနိုင်ရရှိဖို့ ရေကုန်ရေခန်း ကြိုးစားလာမယ့် မော်ရိုကို

လင်းလက်ကြယ်



## ပြင်သစ်အသင်းအခြေအနေ

ပြင်သစ်အသင်းက အဓိက ကစားသမားအချို့ လွဲချော်ထားသည့်တိုင် ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်မှစကာ စုစည်းမှုကောင်းကောင်း၊ ကျစ်ကျစ်လျစ်လျစ်နဲ့ နေရာစုံမှာ ခြေစွမ်းပြသထားတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ အင်္ဂလန်ကို အနိုင်ရတဲ့ပွဲမှာ အသင်းစွမ်းဆောင်ရည်ပိုင်း ယခင်ပွဲစဉ်တွေထက် ကျဆင်းခဲ့တာ တွေ့ရတယ်။ အထူးသဖြင့် ယခုနှစ် ကမ္ဘာ့ဖလားမှာ သွင်းဂိုးအများဆုံး သွင်းယူထားနိုင်တဲ့ တိုက်စစ်ကစားသမား အမ်ဘတ်ပီဆိုရင် ပွဲချိန်ပြည့်ကစားပြီး ဂိုးကန်သွင်းခွင့် တစ်ကြိမ်သာရှိခဲ့တယ်။ အဓိက တိုက်စစ်မှူး ဂျီရုဒ်က ပွဲချိန်ပြည့်ကစားခဲ့ပြီး ဂိုးကန်သွင်းခွင့် လေးကြိမ်မှာ တစ်ကြိမ် ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့တယ်။

ပြောချင်တာက ပြိုင်ဘက်အသင်းရဲ့ ဟန်ချက်ညီမှု၊ အပေးအယူအချိတ်အဆက်မိမိနဲ့ ကစားထားနိုင်မှုကို ဖြတ်တောက်ရာမှာ တစ်မူထူးတဲ့ မော်ရိုကိုအသင်းကို ယခင်ပွဲစဉ်တွေကထက် တိုက်စစ်ထက်မြက်ပြီး အဆုံးသတ်သေချာမှသာ လိုချင်တဲ့ ရလဒ်ရမယ်။ သို့မဟုတ်ရင် ပေးဆပ်မှုကြီးမားသွားနိုင်တယ်။ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်မှာတော့ ပြင်သစ်အသင်းက ဘယ်လ်ဂျီယံကို အနိုင်ယူကျော်ဖြတ်ကာ ဗိုလ်လုပွဲကို တက်လှမ်းထားနိုင်တယ်။ ဘယ်လ်ဂျီယံလို အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေ အများအပြား မရှိတဲ့ မော်ရိုကို ပြင်သစ်အနိုင်ယူ သွားနိုင်မလား။

■

ပြင်သစ် VS မော်ရိုကို

ကြာသပတေး | နံနက် ၁း၃၀ | ဆီမီးဖိုင်နယ်

| ပြင်သစ်အသင်း |
| --- |
| အုပ်စုတွင်း |
| ပြင်သစ် ၄-၁ ဩစတြေးလျ |
| ပြင်သစ် ၂-၁ ဒိန်းမတ် |
| တူနီးရှား ၁-၀ ပြင်သစ် |
| ၁၆ သင်းအဆင့် |
| ပြင်သစ် ၃-၁ ပိုလန် |
| ၁၆ သင်းအဆင့် |
| အင်္ဂလန် ၁-၂ ပြင်သစ် |

ပြင်သစ်နဲ့ မော်ရိုကိုအသင်း ထိပ်တိုက်တွေ့ဆုံမှု

| | | | |
| --- | --- | --- | --- |
| ပြင်သစ် | ၂-၂ | မော်ရိုကို | ခြေစမ်းပွဲ |
| မော်ရိုကို | ၁-၅ | ပြင်သစ် | ခြေစမ်းပွဲ |
| ပြင်သစ် | ၁-၀ | မော်ရိုကို | ခြေစမ်းပွဲ |



## မော်ရိုကိုအသင်းအခြေအနေ

နာမည်ကြီး ပေါ်တူဂီကို အနိုင်ယူပြီး အာဖရိကဘောလုံးသမိုင်းမှာ စံချိန်မှတ်တမ်းသစ် စိုက်ထူထားနိုင်တဲ့ မော်ရိုကိုအသင်းမှာ ကျစ်လျစ်မာကျောတဲ့ ကိုယ်ပိုင်ကစားဟန်တစ်ခုနဲ့ သာမန်ထက်ထူးခြားတဲ့ စွမ်းဆောင်ရည်မျိုးပိုင်ဆိုင်ထားတယ်။ ဘက်ပေါင်းစုံက သာလွန်နေတဲ့ ပေါ်တူဂီကို ပွဲအစကတည်းက အဝင်အထွက်မှန်မှန်၊ ချဉ်းကပ်ပုံမှန်မှန်နဲ့ တုံ့ပြန်ကစားသွားနိုင်တာကိုကြည့်ရင် သိသာတယ်။

ဒါ့အပြင် မော်ရိုကိုအသင်းက လက်ရှိအချိန်အထိ ခံစစ်က ပေးဂိုးတစ်ဂိုးသာ ခွင့်ပြုထားတဲ့အထိ မာကျောတည်ငြိမ်လွန်းတယ်။ ဒါပေမယ့် တိုက်စစ်ထက်မြက်တဲ့ ပြင်သစ်အသင်းကို တောင့်ခံဖို့ မလွယ်ဘူး။ သို့သော်ငြား ပြင်သစ်အသင်းရဲ့ တိုက်စစ်ကိုသာ ယခုပွဲစဉ်မှာ မော်ရိုကိုအသင်း ဟန့်တားနိုင်ခဲ့ရင် လက်တစ်ကမ်းအလိုက ကမ္ဘာ့ဖလားအိပ်မက်ကို ဆက်လက်မက်ခွင့်ရရှိမှာဖြစ်တယ်။

မော်ရိုကိုအသင်းရဲ့ အားသာချက်တစ်ခုက ဘောလုံးပိုင်ဆိုင်မှုထက် ရရှိလာတဲ့အခွင့်အရေးကို ဂိုးအဖြစ်ပြောင်းလဲနိုင်ရေးကိုသာ အာရုံစိုက်တာ ဖြစ်တယ်။ အဝင်အထွက်မှန်မှု၊ ချဉ်းကပ်ပုံမှန်မှုနဲ့ ယခင်ပွဲစဉ်တွေက မြင်တွေ့နေကျအတိုင်း ပြင်သစ်အသင်းကို တုံ့ပြန်ကစားသွားနိုင်မလား စိတ်ဝင်စားစရာကောင်းတယ်။ မော်ရိုကိုအသင်းနဲ့ ပြင်သစ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှု နောက်ဆုံးသုံးကြိမ်မှာတော့ ပြင်သစ်အသင်းက အသာရထားတယ်။ သို့သော်လည်း ကမ္ဘာ့ဖလားမှာ မထင်မှတ်ထားတာတွေဖြစ်လေ့ရှိတာကြောင့် ပြင်သစ်ကို မော်ရိုကိုအသင်းနောက်ကောက်ချကာ အောင်ပွဲခံသွားမလား။

■

| မော်ရိုကိုအသင်း |
| --- |
| အုပ်စုတွင်း |
| မော်ရိုကို ၀-၀ ခရိုအေးရှား |
| ဘယ်လ်ဂျီယံ၀-၂မော်ရိုကို |
| ကနေဒါ ၁-၂ မော်ရိုကို |
| ၁၆ သင်းအဆင့် |
| မော်ရိုကို ၀-၀ စပိန် |
| ● ပယ်နယ်တီအဆုံးအဖြတ်တွင် မော်ရိုကိုအနိုင်ရ |
| ကွာတားဖိုင်နယ် |
| မော်ရိုကို ၁-၀ ပေါ်တူဂီ |



## ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကြီးကြီးမားမား ဖြစ်ပျက်ခဲ့တဲ့ မမေ့နိုင်စရာ အခိုက်အတန့်များ...

အောင်ဇော်

ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နာကျင်အချိန်ပို မိနစ်အများကြီးပေးတာကနေ မော်ရိုကိုအသင်း စံချိန်မှတ်တမ်းသစ်ရေးထိုးနိုင်တဲ့အထိ ကြီးကြီးမားမားဖြစ်ပျက်ခဲ့တာတွေကို စုစည်းဖော်ပြပေးလိုက်ပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပလာတာဟာ ဆီမီးဖိုင်နယ်အဆင့်အထိ ရောက်ရှိလာပြီဖြစ်သော်လည်း မမေ့နိုင်စရာ အဖြစ်အပျက်များစွာကို ချန်ထားခဲ့ပါပြီ။

### အီရန်ကစားသမားတွေ နိုင်ငံတော်သီချင်း မဆိုခြင်း

အင်္ဂလန်အသင်းနဲ့ယှဉ်ပြိုင်ကစားခဲ့တဲ့ သူတို့ရဲ့ အဖွင့်ပွဲစဉ်မှာ အီရန်ကစားသမားတွေဟာ နိုင်ငံတော်သီချင်းကို မဆိုဘဲနေခဲ့ကြပါတယ်။ ဒါဟာ ရဲတပ်ဖွဲ့ရဲ့ ထိန်းသိမ်းမှုအောက်မှာ အသက် ၂၂ နှစ်အရွယ် မာရှာအမီနီသေဆုံးပြီးနောက် နိုင်ငံတစ်ဝန်းဖြစ်ပွားနေတဲ့ ဆန္ဒပြတွေကို ထောက်ခံတဲ့အနေနဲ့ ပြုလုပ်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

### ဆော်ဒီအာရေဗျက အာဂျင်တီးနားကို အနိုင်ရခြင်း

ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒုတိယမြောက်အဆင့်အနိမ့်ဆုံးလို့ သတ်မှတ်ခံထားရတဲ့ ဆော်ဒီအာရေဗျအသင်းက သမိုင်းအစဉ်အလာကြီးမားတဲ့ အာဂျင်တီးနားအသင်းကို ရှုံးနိမ့်နေရာမှ ဒုတိယပိုင်းမှာ ငါးမိနစ်အတွင်း နှစ်ဂိုးပြန်သွင်းပြီး မယုံနိုင်စရာ နိုင်ပွဲတစ်ခုကို ရရှိခဲ့တယ်။ ဒီရလဒ်ဟာ ဘောလုံးလောကတစ်ခုလုံးကို တုန်လှုပ်သွားစေခဲ့တယ်။

> ယခုနှစ် ကမ္ဘာ့ဖလားအုပ်စုတွင်းမှာ နာကျင်အချိန်ပို မိနစ်တွေကို အံ့အားသင့်စရာကောင်းလောက်အောင် ၅၆၃ မိနစ်အထိ ခွင့်ပြုပေးခဲ့ပါတယ်။ အင်္ဂလန်-အီရန်ပွဲဆိုရင် သာမန်ပွဲချိန် မိနစ် ၉၀ အပြင် နာကျင်အချိန် ၂၇ မိနစ်အထိ သတ်မှတ်ပေးခဲ့တယ်။

### ဂျာမနီကစားသမား ပါးစပ်ကို လက်ဝါးဖြင့် အုပ်ခြင်း

ကမ္ဘာ့ဖလားပြိုင်ပွဲအစမှာ အင်္ဂလန်၊ ဝေးလ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဆွစ်ဇာလန်နဲ့ ဒိန်းမတ်အသင်းတို့ဟာ ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေးသင်္ကေတ တစ်ခုဖြစ်တဲ့ OneLove လက်ပတ်ကိုဝတ်ဆင်ကစားဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါကို ဖီဖာက ပိတ်ပင်ခဲ့ပြီး အဲ့ဒီ လက်ပတ်ဝတ်ဆင်တဲ့ ဘယ်အသင်းကိုမဆို အရေးယူမှုတွေ ပြုလုပ်သွားမယ်လို့ သတိပေးပြောဆိုထားတဲ့အတွက် လွတ်လပ်စွာပြောဆိုခွင့်အား ကန့်သတ်ပိတ်ပင်ထားမှုကို ကန့်ကွက်တဲ့အနေနဲ့ ဂျာမနီအသင်းသားအားလုံး လက်ဝါးဖြင့် ပါးစပ်ကိုပိတ်ကာ ပြိုင်ပွဲမစတင်ခင် အသင်းလိုက်ဓာတ်ပုံရိုက်ခဲ့ပါတယ်။

### မော်ရိုကိုအသင်း သမိုင်းသစ်ရေးထိုးခြင်း

ကွာတားဖိုင်နယ်မှာ နာမည်ကြီး ပေါ်တူဂီအသင်းကို နိုင်ပွဲရပြီးနောက် မကြုံစဖူးအောင်မြင်မှုကို ပုံဖော်တဲ့အနေနဲ့ ပွဲအပြီးမှာ နည်းပြအား လေထဲမြှောက်ပင့်ကာ အောင်ပွဲခံခဲ့ကြပါတယ်။ ဒါ့အပြင် မော်ရိုကိုဟာ ပေါ်တူဂီအသင်းကိုနိုင်ပြီး ကမ္ဘာ့ဖလားဆီမီးဖိုင်နယ် တက်လှမ်းနိုင်ခဲ့တာကြောင့် အာဖရိကသမိုင်းတစ်လျှောက်မှာ ပထမဆုံးအသင်း မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့ပါတယ်။

### နာကျင်အချိန်ပိုများစွာ ပေးခြင်း

ယခုနှစ်ကမ္ဘာ့ဖလားအုပ်စုတွင်းမှာ နာကျင်အချိန်ပိုမိနစ်တွေကို အံ့အားသင့်စရာကောင်းလောက်အောင် ၅၆၃ မိနစ်အထိ ခွင့်ပြုပေးခဲ့ပါတယ်။ အင်္ဂလန်-အီရန်ပွဲဆိုရင် သာမန်ပွဲချိန် မိနစ် ၉၀ အပြင် နာကျင်အချိန် ၂၇ မိနစ်အထိ သတ်မှတ်ပေးခဲ့တယ်။ ဒါကို ဖီဖာကတော့ ပွဲချိန်အတွင်းမှာ လူစားလဲခြင်း၊ အချိန်ဖြုန်းခြင်း၊ အောင်ပွဲခံခြင်း စတဲ့ နေရာတွေမှာ ပြိုင်ဘက်အသင်းမနစ်နာအောင် အစားထိုးပေးခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းရှိ

**(၁၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၃၈,၅၇၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၄၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၉၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၈) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၁၂-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၀၀ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၅ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၅ | ၂၀၄၀ | ၁၉၃၅ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၅ | ၂၂၀၀ | ၂၇၆၀ |
| 95 Ron | ၁၉၈၅ | ၂၀၃၅ | ၂၀၃၀ | ၁၉၉၅ | ၂၀၃၀ | ၂၀၅၅ | ၂၀၄၀ | ၂၀၂၀ | ၂၁၁၅ | ၂၁၃၀ | ၂၀၂၅ | ၂၀၄၀ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၂၉၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၆၅ | ၂၃၀၅ | ၂၃၀၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၃၀ | ၂၃၃၀ | ၂၂၉၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၀ | ၂၃၄၅ | ၂၃၅၀ | ၂၅၇၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၅၀ | ၂၃၈၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၈၅ | ၂၄၈၀ | ၂၃၈၀ | ၂၃၉၀ | ၂၄၂၀ | ၂၄၂၅ | ၂၄၂၅ | ၂၆၄၅ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၅၀ | ၂၃၈၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၈၅ | ၂၄၈၀ | ၂၃၈၀ | ၂၃၉၀ | ၂၄၂၀ | ၂၄၂၅ | ၂၄၂၅ | ၂၆၄၅ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၀၃ | ၁၈၇၃ |
| 95 Ron | ၁၈၉၀ | ၁၉၆၁ |
| HSD (500 ppm) | ၂၁၅၉ | ၂၂၃၂ |
| HSD (50 ppm) | ၂၂၃၃ | ၂၃၀၇ |
| HSD (10 ppm) | ၂၂၃၃ | ၂၃၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ပထမဆုံး အိမ်ရှင်အဖြစ်ကျင်းပမယ့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ - ဒေသတွင်းအဆင့်ပြိုင်ပွဲမှာ Winner ရရှိအောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ

မနှင်းပွင့်အောင်

■ တွေ့ဆုံမေးမြန်း- အောင်ရဲသွင်၊ ဟိန်းမင်းစိုး/ ဓာတ်ပုံ- ကိုအေးသန်း

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ - ဒေသတွင်းအဆင့်ပြိုင်ပွဲ (10th ASEAN Quiz – Regional Level) ကို ဒီဇင်ဘာ ၁၄ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အာဆီယံ ဒေသတွင်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို အာဆီယံဒေသတွင်း နိုင်ငံများ၏ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဗဟုသုတများကို အာဆီယံမျိုးဆက်သစ် လူငယ်များ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် အာဆီယံနိုင်ငံများအကြား မိတ်ဆွေအဖြစ် ဆက်ဆံရေးများ အပြန်အလှန် နားလည်မှုများ မြှင့်တင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အာဆီယံဒေသတွင်း နိုင်ငံများမှ ကျောင်းသား ကျောင်းသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ပြိုင်ပွဲအပေါ် ၎င်းတို့၏ ခံစားချက် အမြင်များနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လာမှု အခြေအနေများကို မေးမြန်းတင်ပြလိုက်ရပါသည်။

**ဦးဇေယျာ(ညွှန်ကြားရေးမှူး- အသံလွှင့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)**

အာဆီယံအသိုက်အဝန်း မဏ္ဍိုင်(၃)ရပ် ရှိပါတယ်။ ဒီမဏ္ဍိုင်(၃)ရပ်ရဲ့ ထူထောင်မှုလုပ်ငန်းစဉ်တွေနဲ့ ပတ်သက်ပြီး သိရှိနိုင်ဖို့ အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျွန်တော်တို့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်နဲ့ ကျင်းပရမှာ ဖြစ်ပါတယ်။ ဒီအတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ အသက် ၁၅ နှစ်ကနေ ၁၈ နှစ်အတွင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို ဖိတ်ကြားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ၂၀၂၁ ခုနှစ်ကတည်းက ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ပြီး ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံကို လာရောက်ယှဉ်ပြိုင်နိုင်တဲ့ နိုင်ငံခြောက်နိုင်ငံနဲ့ အွန်လိုင်းကနေ ယှဉ်ပြိုင်မယ့် နိုင်ငံလေးနိုင်ငံ ပေါင်းစပ်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။ ရောက်ရှိလာတဲ့ အာဆီယံနိုင်ငံတွေက ပြိုင်ပွဲဝင်တွေ အဆင်ပြေချောမွေ့စွာ ယှဉ်ပြိုင်နိုင်ဖို့ ဆောင်ရွက်ထားပါတယ်။ ဒီပြိုင်ပွဲကြီးကို တခြားနိုင်ငံတွေမှာ ကျင်းပခဲ့တဲ့နည်းတူ ခမ်းခမ်းနားနား ဝေဝေဆာဆာနဲ့ ကျင်းပသွားဖို့ ပြင်ဆင်ထားပါတယ်။

အခုပြိုင်ပွဲမှာ နိုင်ငံတစ်နိုင်ငံကို National level ပြိုင်ပွဲတွေကနေ အဆင့်ဆင့်ရွေးချယ်လာတဲ့ နိုင်ငံကိုယ်စားပြု သုံးဦးစီကို မြန်မာနိုင်ငံကို ဖိတ်ခေါ်ထားတာဖြစ်ပါတယ်။ ဖိတ်ခေါ်တဲ့အခါမှာ မြန်မာနိုင်ငံကလည်း ပြိုင်ပွဲဝင်သုံးဦး ရွေးချယ်ထားတာရှိပါတယ်။ ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား ရန်ကုန်မှာ နိုင်ငံတော်အဆင့် National Level ပြိုင်ပွဲအနေနဲ့ ကျင်းပပြီး သုံးဦး ရွေးချယ်ခဲ့ပါတယ်။ သူတို့သုံးဦးကို ဇွန်လကနေစပြီး နိုဝင်ဘာလကုန်အထိ ဌာနဆိုင်ရာအသီးသီးက အာဆီယံရေးရာ ကျွမ်းကျင်တဲ့သူတွေနဲ့ အာဆီယံဆိုင်ရာ ဗဟုသုတတွေကို လေ့ကျင့်ပေးခဲ့ပါတယ်။ ပြိုင်ပွဲမှာ အသုံးပြုမယ့် Quiz 360 Software ကိုလည်း လေ့ကျင့်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ National Level ပြိုင်ပွဲရဲ့ Video Clip ကို Youtube မှာတင်ပြီး ကျန်တဲ့နိုင်ငံအသီးသီးက ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူတွေဆီကို ဖြန့်ဝေပေးခဲ့ပါတယ်။ ကွန်ပျူတာစနစ်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ကျောင်းသား ကျောင်းသူတွေကို ဒီနေ့မှာ မေးခွန်းဟောင်းတွေကို ထည့်သွင်းပြီး အစမ်းလေ့ကျင့်မှာ ဖြစ်ပါတယ်။ မနက်ဖြန် ကျင်းပမယ့်ပြိုင်ပွဲမှာလည်း ဒီနေ့လေ့ကျင့်တဲ့ ကွန်ပျူတာစနစ်အတိုင်း ပြိုင်ပွဲဝင်သွားရမှာ ဖြစ်ပါတယ်။

**Ms.Sky Broxlyne Roy Maxwill (မလေးရှားနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်)**

ဒသမအကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိ - ဒေသတွင်းအဆင့် ပြိုင်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်နိုင်ဖို့ မလေးရှားနိုင်ငံကနေ လာရောက်တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကနေတစ်ဆင့် အကောင်းဆုံးအတွေ့အကြုံတွေ ရယူသွားမှာဖြစ်ပါတယ်။ အခုလို လာရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ဆောင်းပါးတွေ၊ ဗဟုသုတ အကြောင်းအရာတွေကို လေ့လာထားရပါတယ်။ အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့လည်း ပြင်ဆင်ထားပါတယ်။

**Ms.Nabiela Syifa Zahira (အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)**

ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ကနေ လာရောက်တာဖြစ်ပါတယ်။ အရင်ကကျင်းပခဲ့တဲ့ ပြိုင်ပွဲတွေကို ကြည့်ပြီး လေ့ကျင့်တာပိုကောင်းပေမယ့် သူငယ်ချင်းတွေ တစ်ယောက်နဲ့တစ်ယောက် မေးခွန်းတွေမေးပြီး လေ့ကျင့်တာ ပိုကောင်းပါတယ်။ ပြိုင်ပွဲကို ပျော်ပျော်ရွှင်ရွှင်နဲ့ တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

**Mr.Tran Minh Hieu (နည်းပြ၊ ဗီယက်နမ်နိုင်ငံ)**

ကျွန်တော် မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ရောက်ဖူးတာဖြစ်ပါတယ်။ လွန်စွာလှပပြီး နွေးထွေးတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ ကျွန်တော့် ဗီယက်နမ်အသင်းနဲ့ တစ်လလောက်လေ့ကျင့်မှုတွေ လုပ်ခဲ့ပါတယ်။ နိုင်ငံအဆင့် ပြိုင်ပွဲဝင်တွေထဲက အကောင်းဆုံးတွေကို ရွေးချယ်ပြီး ဒေသတွင်းအဆင့်ပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲဝင်တွေအနေနဲ့လည်း အကောင်းဆုံးကြိုးစားသွားမယ်လို့ ယုံကြည်ပါတယ်။

**Ms.Ly Mary (ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကမ္ဘောဒီးယားနိုင်ငံကနေ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အတူပါဝင်ယှဉ်ပြိုင်မယ့် တခြားနိုင်ငံတွေက ကိုယ်စားပြု ပြိုင်ပွဲဝင်တွေကိုလည်း တွေ့မြင်နေရပြီဆိုတော့ ပထမဆုံး အတွေ့အကြုံအနေနဲ့ စိတ်လှုပ်ရှားပြီး ပြိုင်ပွဲကိုလည်း စိတ်ဝင်စားနေပါပြီ။ ကျွန်မအနေနဲ့ အောင်မြင်မှုတွေရရှိအောင် အဖွဲ့ဝင်တွေနဲ့ အတူတကွ အကောင်းဆုံး ကြိုးစားသွားမှာပါ။ ပြိုင်ပွဲမှာ အနိုင်ရဖို့အတွက်လည်း အလားအလာကောင်းတွေရှိတယ်လို့လည်း ထင်မြင်မိပါတယ်။

**Ms.Do Bao Thuc Anh (ဗီယက်နမ်နိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)**

ဗီယက်နမ်နိုင်ငံ ကိုယ်စားပြုပြီး အခုလို လာရောက်ယှဉ်ပြိုင်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ တခြားပြိုင်ပွဲဝင်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။အာဆီယံရဲ့ မူဝါဒတွေနဲ့ပတ်သက်ပြီးတော့လည်း လေ့လာရပါတယ်။ အာဆီယံနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကိုလည်း အများကြီး လေ့လာခဲ့ရပါတယ်။

**Ms.Sirilak Sengdara (လာအိုနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)**

ဒီပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ တော်တော်လေးလုပ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအပါအဝင် တခြားနိုင်ငံက ပြိုင်ပွဲဝင်ကိုယ်စားလှယ်တွေနဲ့အတူ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားမှာပါ။ တော်တော်လည်းစိတ်လှုပ်ရှားနေပါတယ်။ ဒါပေမယ့်လည်း အကောင်းဆုံးလုပ်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ကျွန်မအနေနဲ့ အဖွဲ့ဝင်တွေနဲ့အတူ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။

**Mr.Nguyen Gia Nam (ဗီယက်နမ်နိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က ဗီယက်နမ်နိုင်ငံ ကိုယ်စားပြု လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အခုလို နိုင်ငံကိုယ်စားပြုပြီး ၁၀ ကြိမ်မြောက် Asian Quiz ကို ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော့်အနေနဲ့ ပြိုင်ပွဲအတွက် တော်တော်လေး ပြင်ဆင်ထားပါတယ်။ အာဆီယံနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ၊ တခြားဗဟုသုတ အကြောင်းအရာတွေကိုလည်း လေ့လာခဲ့ပါတယ်။ ပြိုင်ပွဲအတွက် လေ့လာပြင်ဆင်ချိန် တစ်လခန့် ရခဲ့ပါတယ်။

**Mr.Phouth Ada Sitthinonhthong (နည်းပြ၊ လာအိုနိုင်ငံ)**

ကျွန်တော့်အနေနဲ့ ပြိုင်ပွဲအတွက် အချက်အလက်တွေ တတ်နိုင်သမျှစုဆောင်းပြီး ကျောင်းသားတွေကို လအနည်းငယ် ကြိုတင်ပြင်ဆင်ပေးတဲ့အပြင် အာဆီယံမှာ လက်ရှိဖြစ်ပေါ်နေတဲ့

*စာမျက်နှာ ၁၇ သို့*




ဦးဇေယျာ(ညွှန်ကြားရေးမှူး- အသံလွှင့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)




Ms.Sky Broxlyne Roy Maxwill (မလေးရှားနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်)




Ms.Nabiela Syifa Zahira (အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)




Mr.Tran Minh Hieu (နည်းပြ၊ ဗီယက်နမ်နိုင်ငံ)




Ms.Ly Mary (ကမ္ဘောဒီးယားနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)




Ms.Do Bao Thuc Anh (ဗီယက်နမ်နိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)




Ms.Sirilak Sengdara (လာအိုနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)




Mr.Nguyen Gia Nam (ဗီယက်နမ်နိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)




## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကုမ္ပဏီ တစ်ခု ၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း ၁၆ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**


Mr.Phouth Ada Sitthinonhthong
(နည်းပြ၊ လာအိုနိုင်ငံ)


မောင်ဟိန်းလင်းထက်
(မြန်မာနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)


မောင်ပြည့်စုံချမ်းသာ
(မြန်မာနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)


မနှင်းပွင့်အောင်
(မြန်မာနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)


Mrs.HA THI NGA
(နည်းပြချုပ်၊ ဗီယက်နမ်နိုင်ငံ)

*စာမျက်နှာ ၁၆ မှ*

သတင်းအချက်အလက် များစွာကို update ပြုလုပ်ပြီးလည်း သင်ကြားပေးပါတယ်။ နိုင်ငံအဆင့်ပြိုင်ပွဲကို အောက်တိုဘာလ နှောင်းပိုင်းနဲ့ နိုဝင်ဘာလအစမှာ ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော့်အသင်းအနေနဲ့ အကောင်းဆုံးကြိုးစားပြီး အနိုင်ရရှိလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။

**မောင်ဟိန်းလင်းထက်**
**(မြန်မာနိုင်ငံကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်တို့ အရင်နှစ် အောက်တိုဘာလကစပြီး ပြိုင်ပွဲအတွက် လေ့ကျင့်မှုတွေ လုပ်ပါတယ်။ သူငယ်ချင်းအချင်းချင်းလည်း ကိုယ်သိသမျှ တတ်သမျှ မှတ်ထားသမျှတွေကို ပြန်လည်မေးမြန်းပါတယ်။ ဒီအဆင့်ရောက်ဖို့ ကျွန်တော်တို့အနေနဲ့ တစ်ဆင့်ပြီးတစ်ဆင့် တက်လာတာဖြစ်ပါတယ်။ နိုင်ငံအဆင့် ရွေးချယ်ထားတဲ့ ကိုယ်စားပြုအနေနဲ့ အာဆီယံဌာနအသီးသီးက ဆရာမကြီးတွေနဲ့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာတွေကို သီးသန့်လေ့ကျင့်ပေးပါတယ်။ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရတော့မှာ ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားဖို့ကောင်းပါတယ်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပတဲ့ ပြိုင်ပွဲကြီးမှာ ကျွန်တော်တို့ အနိုင်ရအောင် ကြိုးစားသွားမယ်လို့ ပြောချင်ပါတယ်။

**မောင်ပြည့်စုံချမ်းသာ**
**(မြန်မာနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)**

ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှု တော်တော်လေးလုပ်ခဲ့ပါတယ်။ ဝန်ကြီးဌာနပေါင်းစုံနဲ့ ကဏ္ဍပေါင်းစုံက ဆရာမတွေက ကျွန်တော်တို့ကို အွန်လိုင်းကနေ စာသင်ပေးတာလည်းရှိပါတယ်။ သူငယ်ချင်းတွေစုပြီးလည်း စာလုပ်ကြတယ်။ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရတဲ့အတွက် အတွေ့အကြုံအသစ်တွေ ရရှိမှာဖြစ်ပါတယ်။ ဗဟုသုတတွေလည်း အများကြီး ရရှိပါတယ်။ ဒီပြိုင်ပွဲက ကိုယ်တိုင်တင်မကဘဲ မြန်မာနိုင်ငံအတွက်ပါ ဂုဏ်ဆောင်ရတဲ့ပြိုင်ပွဲဖြစ်တဲ့အတွက် ဂုဏ်ယူဝမ်းသာပီတိဖြစ်မိပါတယ်။ ပြိုင်ပွဲကိုလည်း နိုင်မယ်ဆိုတဲ့ ခံယူချက်နဲ့ ပြိုင်သွားမှာဖြစ်ပါတယ်။

**မနှင်းပွင့်အောင်**
**(မြန်မာနိုင်ငံ ကိုယ်စားပြုပြိုင်ပွဲဝင်)**

အခုပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ အများကြီး စိတ်လှုပ်ရှားပါတယ်။ ဒါပေမယ့်လည်း အရင်လောက်တော့ မကြောက်တော့ပါဘူး။ မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့အနေနဲ့ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ပထမဆုံး အိမ်ရှင်အဖြစ် ကျင်းပမယ့် ဒသမအကြိမ်မြောက် အာဆီယံဉာဏ်စမ်းပဟေဠိ ဒေသတွင်းအဆင့်ပြိုင်ပွဲမှာ Winner ရရှိအောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။

**Mrs.HA THI NGA**
**(နည်းပြချုပ်၊ ဗီယက်နမ်နိုင်ငံ)**

ပြိုင်ပွဲအတွက် အများကြီးကြိုတင်ပြင်ဆင်ထားပါတယ်။ အကောင်းဆုံး လုပ်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူတွေကလည်း အာဆီယံနဲ့ ပတ်သက်တဲ့ ဗဟုသုတ၊ အချက်အလက်တွေကို အများကြီး ကြိုတင်ပြင်ဆင်ထားတဲ့အတွက် ပြိုင်ပွဲမှာ အောင်မြင်မှု ရရှိမယ်လို့လည်း ယုံကြည်ပါတယ်။ အခုပြိုင်ပွဲကို ဦးဆောင်ကျင်းပပေးတဲ့ မြန်မာနိုင်ငံကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီပြိုင်ပွဲက မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာတစ်ခုလည်း ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ ဒီပွဲကို လာရောက်ယှဉ်ပြိုင်ကြတဲ့အတွက် မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းတွေလည်း ရပါတယ်။ အခုပြိုင်ပွဲကို နိုင်ငံကိုယ်စားပြုပြီး လာရောက်ယှဉ်ပြိုင်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ ။

## ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)၌ အခြေခံလျှပ်စစ်သံဂဟေဆက်နည်းသင်တန်းကို အခမဲ့ဖွင့်လှစ်မည်

**မိတ္ထီလာ ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ တစ်ဦးချင်းဝင်ငွေ တိုးပွားပြီး ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လျှပ်စစ်သံဂဟေဆက်နည်းစဉ်များကို စနစ်တကျ အသုံးချသုံးတတ်စေရေးတို့အတွက် အခြေခံသံဂဟေဆက်နည်းသင်တန်းကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာဆက်လက်မသင်ယူနိုင်သူများ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် အသက်မွေးနိုင်ရန်၊ အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဖြစ်ထွန်းတိုးပွားလာစေရန်၊ အသေးစားစက်မှုလုပ်ငန်းရှင်များ ဖြစ်လာစေရန်၊ တစ်ဦးချင်းဝင်ငွေ တိုးပွား၍ ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်၊ လျှပ်စစ်သံဂဟေဆက်နည်းစဉ်များကို စနစ်တကျ အသုံးချတတ်စေရန်နှင့် အခြေခံ သံပန်း၊ သံတံခါးပြုလုပ်နည်းပညာ ရရှိစေရန် ရည်ရွယ်၍ အခြေခံလျှပ်စစ်သံဂဟေဆက်နည်းသင်တန်းကိုသင်တန်းသား ၁၀ ဦးဖြင့် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ သင်တန်းကာလ တစ်လကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်စန်းတင်ထံမှ သိရသည်။

အဆိုပါသင်တန်းတွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ သံဂဟေဆက်ခြင်းဆိုင်ရာ အခြေခံများ၊ အခြေခံလျှပ်စစ်သံဂဟေဆက်၊ သံပန်း၊ သံတံခါး လက်တွေ့ပြုလုပ်ခြင်း၊ ထုတ်ကုန်ထုတ်လုပ်ခြင်းနှင့် ကုန်ကျစရိတ်တွက်ချက်ခြင်း စသည့်ဘာသာရပ်များကို နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြောင်းမြမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**မြောင်းမြ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန် မြှင့်တင်ရေးတို့အတွက် လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၁၂ ရက်က အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

လူငယ်စကားဝိုင်းကို မြောင်းမြမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာကြီး ကျင်စိုးက ဦးဆောင်၍ Grade-10 မှ မောင်ကျော်လွင်ဦးက လူငယ်နှင့် အားကစား၊ မဖူးပွင့်ခိုင်က လူငယ်နှင့် ယဉ်ကျေးမှု၊ မငုဝါခိုင်က လူငယ်နှင့် စာဖတ်ခြင်း၊ Grade – 11 မှ မအေးနန္ဒာလွင်က လူငယ်နှင့် မျိုးချစ်စိတ်ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကမ္ဘာကြီး ပူနွေးလာမှုနှင့် လမုတော(ဒီရေတော) များ၏ ဆက်နွယ်မှု

ရာသီဥတုပြောင်းလဲခြင်းသည် သဘာဝဂေဟစနစ်ကို အကြီးအကျယ် ပျက်စီးသွားနိုင်ပါသည်။ သို့သော် သစ်ပင်ပန်းမန်များနှင့် သတ္တဝါများ၏ မျိုးစိတ်အားလုံး ပျက်စီးသွားခြင်းတော့ မဟုတ်ပါ။ ပူနွေးသောအပူချိန်တွင် ရှင်သန်သောမျိုးစိတ်အချို့သည် ရာသီဥတုပူနွေးလာမှုကို ၎င်းတို့အတွက်တင်မက သဘာဝပတ်ဝန်းကျင်ကိုပင် အကျိုးရှိအောင် ဖန်တီးလုပ်ဆောင်ပေးနိုင်ကြသည်။

ပင်လယ်ပြာ(ငါးဦးစီး)

ထိုမျိုးစိတ်များတွင် အီကွေတာအနီးရှိ အပူပိုင်းနှင့် အပူလျော့ပိုင်း လတ္တီတွဒ်များ၌ ရှင်သန်ပေါက်ရောက်တတ်သော လမုတော(ဒီရေတော)များ ပါဝင်ပါသည်။ အချို့သော လမုပင်မျိုးစိတ်များသည် အခြားသော အပင်မျိုးစိတ်များ ခံနိုင်ရည်မရှိသော အခြေအနေများနှင့် ရာသီဥတုဆိုးရွားသော ဒေသများတွင် ပေါက်ရောက်နိုင်စွမ်းရှိကြသည်။ လမုပင်များသည် ရေစီးနှေးသည့်ရေချိုရေငန်စပ်ဒေသများနှင့် ရေဝပ်သော မြေဆီလွှာများတွင် လိုက်လျောညီထွေဖြစ်အောင် သဘာဝအတိုင်း ပေါက်ရောက်နိုင်ကြပါသည်။



## မျှတအောင်လုပ်ဆောင်ပေးနိုင်

လမုပင်များသည် အလွန်အေးခဲသည့်ရာသီဥတုကိုခံနိုင်ရည်မရှိဘဲ ပူနွေးသောရာသီဥတုကို ကြိုက်နှစ်သက်ကြသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးလာမှုသည် လမုပင်များ၏ ပေါက်ရောက်ပြန့်ပွားရေးအတွက် အထောက်အကူဖြစ်နိုင်ပါလိမ့်မည်။ လမုပင်များသည် ၎င်းတို့ ပေါက်ရောက်ရာဒေသများဖြစ်သော အပူပိုင်းဒေသနှင့် အပူလျော့ပိုင်းဒေသများ၏ရာသီဥတုကို သမပိုင်းရာသီဥတုအဖြစ် မျှတအောင် လုပ်ဆောင်ပေးနိုင်စွမ်းရှိကြသည်။

လမုပင်များ၏ ပင်စည်များနှင့် အကိုင်းများမှ ဆင်းသက်လာသော ထုထည်သိပ်သည်းသည့် အမြစ်များသည် လှိုင်းတံပိုးများနှင့် ဒီရေလွှမ်းမိုးမှုများကို ကာကွယ်တားဆီးရာတွင် ကူညီပေးနိုင်ကြသည်။ ထိုအမြစ်များသည် ကမ်းရိုးတန်းဒေသများတွင် လမုပင်များရှင်သန်စေနိုင်အောင် ကူညီပေးပြီး တစ်ပြန်တစ်လှည့်အနေဖြင့် လှိုင်းများနှင့် ဒီရေများ၏ ကမ်းရိုးတန်းတိုက်စားမှုကို ကာကွယ်လျှော့ချကာ အရေးပါသော ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုကို ပေးပါသည်။

ထုထည်ကြီးမားသော လမုပင်များသည် ရေလှိုင်းများ ကမ်းရိုးတန်းသို့ မရောက်မီ လှိုင်းများ၏ရိုက်ခတ်အားကို လျော့နည်းစေအောင် လုပ်ဆောင်ပေးနိုင်သည်။ ရာသီဥတုပြောင်းလဲမှုသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် ရာသီဥတုဆိုးရွားခြင်းများကို မကြာခဏ ဖြစ်ပေါ်စေနိုင်သော်လည်း လမုပင်များသည် ကမ်းရိုးတန်းဒေသများပျက်စီးမှုကို လျော့နည်းစေရန် ကူညီပေးနိုင်ကြပါသည်။ အပူလျော့ပိုင်းဒေသနှင့် သမပိုင်းကမ်းရိုးတန်းဒေသများတွင် ဆားငန်ရေလွှမ်းမိုးမှုမှ လမုတောလွှမ်းမိုးမှုသို့ ပြောင်းလဲခြင်းဖြစ်စဉ်များသည် ဂေဟစနစ်၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ လုပ်ဆောင်မှုနှင့် ရာသီဥတုအလိုက် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲနိုင်ခြင်းတို့အတွက် အရေးကြီးသော ဆောင်ရွက်ချက်များ ဖြစ်သည်ဟု သုတေသီများက မှတ်ချက်ပြုကြသည်။

> **"ရာသီဥတုပြောင်းလဲမှုသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် ရာသီဥတုဆိုးရွားခြင်းများကို မကြာခဏ ဖြစ်ပေါ်စေနိုင်သော်လည်း လမုပင်များသည် ကမ်းရိုးတန်းဒေသများပျက်စီးမှုကို လျော့နည်းစေရန် ကူညီပေးနိုင်ကြပါသည်။ အပူလျော့ပိုင်းဒေသနှင့် သမပိုင်းကမ်းရိုးတန်းဒေသများတွင် ဆားငန်ရေလွှမ်းမိုးမှုမှ လမုတောလွှမ်းမိုးမှုသို့ ပြောင်းလဲခြင်းဖြစ်စဉ်များသည် ဂေဟစနစ်၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ လုပ်ဆောင်မှုနှင့် ရာသီဥတုအလိုက် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲနိုင်ခြင်းတို့အတွက် အရေးကြီးသောဆောင်ရွက်ချက်များ ဖြစ် "**

## ကမ္ဘာကြီးအတွက် အကျိုးပြု

ထို့ပြင် အပူပိုင်းစိုစွတ်သည့် သစ်တောများရှိ သစ်ဆွေးမြေများ (peatlands) ကဲ့သို့ပင် လမုပင်များသည် ကမ္ဘာကြီးအတွက် အကျိုးပြုသော ကာဗွန်သိုလှောင်ရုံများ ဖြစ်ကြသည်။ Nature Geoscience ဂျာနယ်တွင် ဖော်ပြထားသော လေ့လာမှုတစ်ခုအရ ကမ်းရိုးတန်းလမုတော တစ်ဟက်တာလျှင် ပျမ်းမျှကာဗွန် ၁၀၂၃ မီလီ ဂရမ် သိုလှောင်ထားနိုင်သည်ဟု ဆိုသည်။

ထို့ကြောင့်ကျွန်ုပ်တို့သည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ပိုမိုစုပ်ယူနိုင်သည့် လမုပင်များကို မူလနေရင်းဒေသများတွင် များပြားစွာ ပေါက်ရောက်ပြန့်ပွားစေခြင်းအပြင် ရှိရင်းစွဲ လမုပင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သက်ရောက်မှုများကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း လေ့လာရေးသား လိုက်ရပါသည်။

Ref:–

(1) Darunee Sukanan ၏ Global warming will be a boon to mangrove forests.

(2) Myanmar Biotechnology Society.

# ကမ္ဘာ့ရှားပါးငှက်မျိုးစိတ်ဖြစ်သော ခရုစုပ်ခေါင်းနီ ငှက်ကောင်ရေ ၉၀၀၀ ကျော်အထိ ပြန်လည် တိုးပွားလာ



မြန်လင်းမောင်

၁၉၈၁ ခုနှစ်တွင် ခုနစ်ကောင်သာ ရှိခဲ့သည့် ရှားပါးငှက်မျိုးစိတ်ဖြစ်သော ခရုစုပ်ခေါင်းနီ ငှက်ကောင်ရေသည် လက်ရှိအချိန်တွင် ကောင်ရေ ၉၀၀၀ ကျော်အထိ ပြန်လည်တိုးပွားလာပြီဖြစ်ကြောင်း တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်စီးပြည်နယ် သစ်တောအာဏာပိုင်များက ဒီဇင်ဘာပထမပတ်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အနီရောင်အမောက်နှင့် ရှည်လျားသော အနက်ရောင်နှုတ်သီးပါရှိသော ခရုစုပ်ခေါင်းနီငှက်မျိုးစိတ်များသည် ယခင်က အရှေ့အာရှနှင့် ရုရှားနိုင်ငံဆိုက်ဘေးရီးယားတို့တွင် ပျံ့နှံ့ကျက်စားခဲ့သည်။ ယင်းနောက် ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်သွားပြီဟု ယူဆခဲ့ပြီးနောက် ၁၉၈၁ ခုနှစ်တွင် တရုတ်နိုင်ငံ ရှန်စီးပြည်နယ်၌ တောရိုင်းအတွင်းကျက်စားနေသည့် ခရုစုပ်ခေါင်းနီ ငှက်ခုနစ်ကောင်ကို တွေ့ရှိခဲ့ပြီးနောက် ယင်းငှက်မျိုးစိတ်များ မပျောက်ကွယ်သွားစေရေး ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်ခဲ့သည်။

ယနေ့အချိန်တွင် ရှန်စီးပြည်နယ်၌ ခရုစုပ်ခေါင်းနီ ငှက်ကောင်ရေ ၇၀၀၀ ခန့်ကျက်စားလျက်ရှိကြောင်း ပြည်နယ် သစ်တောဗျူရိုမှ ဒါရိုက်တာဒန် ရှီရင်ဂရင်က ပြောသည်။

မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိ ခရုစုပ်ခေါင်းနီ ငှက်မျိုးစိတ်များကိုကာကွယ်ရန် ရည်ရွယ်သည့် တရုတ်–ဂျပန်–တောင်ကိုရီးယား ချစ်ကြည်ရေး ဖလှယ်ရေးအစီအစဉ်ကို ရှန်ဟိုင်းတွင် ဒီဇင်ဘာ ၄ ရက်က စတင်ခဲ့သည်။ အိမ်နီးချင်းသုံးနိုင်ငံမှ ကျွမ်းကျင်သူများ၊ သံတမန်များနှင့် ပညာရှင်များသည် ဂေဟစနစ်ကာကွယ်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ တိုးတက်ကောင်းမွန်ရေးတွင် ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေခဲ့ကြပြီး ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လူသားတို့အတွက် သဟဇာတဖြစ်သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုအားစိုက်ထုတ်သွားမည်ဟု ကတိပြုခဲ့ကြသည်။

ကိုးကား – **Global population of crested ibises exceeds 9,000**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိ မြို့နယ်ရှိ ထန်းတပင်တောရကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မိုးဃ်းကောင်းကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦးကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ ကျွန်းကလေးပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကိုးသောင်းသာသနဒ္ဓမင်္ဂလာပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ရွှေလှေကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ မဂ္ဂင်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ နန္ဒာရာမပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ မဟာသုမနရာမ ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရတနာမဥ္ဇူကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းကိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးလျက်ရှိသော သံဃာတော်များအား ဆွမ်းဆန်တော် အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် မိုင်းကိုင်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းနှင့် ဝန်ထမ်းများက မိုင်းကိုင်မြို့နယ် "မဟတ်" ဘုန်းတော်ကြီးကျောင်းတိုက်ရှိ ရဟန်း၊ သာမဏေ၊ ကိုရင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။



**သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်၌ အသင်းအဖွဲ့ဥပဒေနှင့်ပတ်သက်၍ ချပြရှင်းလင်း



**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အ.ထ.က (၁) စန္ဒိမာခန်းမ၌ ယနေ့နံနက် ၉ နာရီက အသင်းအဖွဲ့ဥပဒေနှင့်ပတ်သက်၍ ချပြရှင်းလင်းပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ အသင်းအဖွဲ့ဆိုင်ရာ တာဝန်ရှိသူများ အင်အား ၁၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဇော်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်ဦး က အသင်းအဖွဲ့ ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/93657 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချစ်မြတ်ရန်ရှင်း ၂/ဖရဆ(နိုင်)၁၂၉၆၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(လွိုင်ကော်)

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်ဇော်ဟိန်း ၁၃/တကန(နိုင်)၁၈၈၈၀၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၆၄၆၃၈၇၂

### ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်မောင်စိုင်း ၁၃/ကတလ(နိုင်)၀၁၉၅၂၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၄၂၁၇၃၆

### ကန့်ကွက်နိုင်ကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ ဦးပိုင်အမှတ် (၇၈ᵏ/၇)ဟု ခေါ်တွင်သော ဆရာစံ လမ်းရှိ နှစ်(၃၀)ဂရန်(မြို့မြေ)ဦးကျော်မြင့် ၇/လပတ(နိုင်)၁၅၅၈၅၂ အမည်ပေါက်မြေကွက်၊ ရေိယာဂဒသမ ၇၉၀ကေရှိ မြေကွက်ထဲမှ (၄၅x ၄၈x ၁၀၄)ပေ အကျယ်အဝန်းရှိ ခြံမြေနှင့် ယင်းခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုဒွေး ၇/နတလ(နိုင်) ၁၄၄၅၉၄နှင့် ဒေါ်မေတ္တာမွန် ၇/လပတ(နိုင်)၁၆၅၄၂၈တို့က ပြန်လည်ဝယ်ယူရန် ရောင်းဖိုး ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့် ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-
ဦးမျိုးသန့်(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ
စဉ်- ၁၃၀၃၄(၂၇-၇-၁၇)
မြို့လယ်လမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
ဖုန်း- ၀၉-၄၃၀၅၄၉၇၅၊၀၉-၆၉၆၄၉၁၉၁၉

### ဖခင်အမည်မှန်

လွိုင်ကော်မြို့၊ အထက(၅) Grade-11 မှ မနန်းမျိုးအင်ကြင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းသိုက် ဖြစ်ပါကြောင်း။

ဦးမင်းသိုက်

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/9331, Nissan AD Vay 12 ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့်(ခ)ဦးခင်အောင် ၉/ပဗသ(ပြု)၀၀၀၀၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

### အများသိစေရန်ကြေညာ

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဖြိုးအာကာ ၁၂/ကမတ(နိုင်)၀၆၄၅၀၂ မှ ဒေါ်ခိုင်ခိုင်နေဝင်း ၁၂/ကမတ(နိုင်)၀၆၄၅၇၂ အပေါ် ကြည့်မြင်တိုင်မြို့နယ်တရားရုံးတော်၌ တရားမကြီးမှုအမှတ် ၇/၂၂ ဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုနှင့် တရားစွဲဆိုရာ ၂၉-၁၁-၂၂ ရက်တွင် လင်မယားအဖြစ်မှ ကွာရှင်းစေသည့် အနိုင်ဒီကရီရရှိပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဖြိုးအာကာ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရတနာဌေး(တရားလွှတ်တော်ရှေ့နေ)
(စဉ်- ၁၆၃၂၉/၁၉)
LL.B, DBL, CBL, WIPO(Switzerland)
အမှတ် ၃၈(မြေညီ)၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/46714, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/9727, Isuzu ELFNNR85 ယာဉ်လက်ဝယ်ရှိသူ ဦးအစ္စမန် ၉/သစန(နိုင်)၀၅၈၉၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)


**ရတနာသစ်တော**
**ပြည့်သွေးကြော**
**သစ်တောရတနာ**
**ထိန်းသိမ်းပါ**

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး အုတ်တွင်းမြို့နယ်၌ ဌာနဆိုင်ရာများပူးပေါင်းဆောင်ရွက်

**အုတ်တွင်း ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် အနေး ယာဉ်များအား ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် ယမန်နေ့က မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း သတ်မှတ်ချက်များ လိုက်နာဆောင်ရွက်မှုရှိ/မရှိ၊ ဒေသတွင်း တရားမဝင် ကုန်သွယ်မှုမရှိစေရေး၊ ယာဉ်မောင်းနှင်သူများ ထိုင်ခုံခါးပတ်ပတ် မောင်းနှင်ရန်၊ ဆိုင်ကယ် မောင်းနှင်သူများ ဆိုင်ကယ်စီး ဦးထုပ်ပါရှိပြီး မေးသိုင်းကြိုး တပ်ဆင်ရန်/ လူသုံးဦး တင်မစီးရန် စသည့်အချက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့များ ပူးပေါင်းစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## သီပေါမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**သီပေါ ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်း ဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်များအတွင်း လှည့်လည်သတိပေးခြင်းနှင့် မီးသတ်ရေလှောင်ကန်များ ရေဖြည့်တင်းခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် မီးလောင်၊ မီးလန့်မှု မဖြစ်ပွားရေးအတွက် မီးလောင်လွယ်သော အရာဝတ္ထုများကို စနစ်တကျထုပ်ပိုးခြင်း၊ စွန့်ပစ်ခြင်း၊ ထင်းမီးဖိုများ အသုံးပြုလျှင် မီးဘေးကြိုတင်ကာကွယ်ရေး အကာအရံများနှင့် လုံခြုံစွာ အသုံးပြုရန်၊ ဂက်စ်မီးဖိုအသုံးပြုသူများအနေဖြင့် အသုံးမပြုမီ သေချာစွာ စစ်ဆေးအသုံးပြုရန်၊ လျှပ်စစ်မီး အသုံးပြုသူများအား ဝန်အားမျှတသော လျှပ်စစ်ဝိုင်ယာများ အသုံးပြုရန်၊ ဟောင်းနွမ်းပေါက်ပြဲသည့် လျှပ်စစ်ပစ္စည်းများကို အစားထိုးလဲလှယ်ဆောင်ရွက်ရန်၊ နေအိမ်ဝင်းအတွင်း မီးလောင်လွယ်သော ဆီအမျိုးမျိုး သိုလှောင်ထားခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရန် စသည့် ဆောင်ရန်ရှောင်ရန်များကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**



## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ခွဲ)(၁) မြဝတီ Grade–5 မှ မောင်သန်းမြထွေး၏ ဖခင်အမည်မှန်မှာ ဦးကျော် ၃/မဝတ (နိုင်) ၁၀၉၈၀၄ ဖြစ်ပါကြောင်း။ **ဦးကျော်**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ(အောင်မြေရွှေဘုံ) Grade– 9 မှ မအိမြငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးဆန်း ၁၁/မပန(နိုင်)၀၆၇၉၃၆ ဖြစ်ပါကြောင်း။ **ဦးမျိုးဆန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၉-၂၀၂၂ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ (၂၂) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းတွင် ဦးသန်းထွန်းဦး ၁၂/ဥကမ (နိုင်)၀၁၆၁၂၇ ၏ အဘအမည် ဦးအုန်းမြင့် အစား **ဦးဘုန်းမြင့်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မဇွန်ပွင့်ဝေ ၁၄/ငသခ (နိုင်)၀၁၁၆၅၉၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၃၆၉၄၇၇၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၃၆)ဟုခေါ်တွင်သော မြေဧရိယာ (၀.၁၁၀)ဧကရှိမြေကို ဒေါ်ခင်ငွေးဝင်း အမည်ဖြင့် ဂရန်သစ်ပြုလုပ်ရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၇၊ ယုဇနရပ်)၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ ၀ဒသမ၀၈၄ဧကရှိမြေကွက်သည် မူလက ဦးတန်ကနတ်အမည်ဖြင့် ၅-၇-၂၀၁၅ရက်အထိ မြေငှားဂရန်အမည်ပေါက်သော မြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဦးတန်ကနတ်ထံမှ ဦးရာဂျန်ပရာဆပ်က ၁၇-၆-၂၀၂၂ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၂၂၅/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဦးရာဂျန်ပရာဆပ် ၁/မကန(နိုင်)၀၇၉၈၃၅ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၁၃၄၆)၊ (အလျား ၄၀ ပေ x အနံ ၆၀ ပေ) အကျယ်အဝန်းရှိ ဦးတင်စိုး အမည်ပေါက် ပါမစ်မြေအမျိုးအစားဖြစ်သည့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၅၁)ရပ်ကွက်၊ အမှတ်(၁၃၄၆)ဟုခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်မြင့် ၁၂/ဒဂတ(နိုင်) ၀၁၉၅၄၉ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပါသည်။ အထက်ဖော်ပြပါ မြေ၏ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေ၏အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇေယျာထွန်း(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၅၃၂)**
**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၆၅၁၁၅၁၀၅**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ယောမင်းကြီးလမ်း၊ ယောမင်းကြီးကွန်ဒို၊ အမှတ် ၇၀ ဟုခေါ်တွင်သော အခန်းအမှတ် ၄၀၆၊ အကျယ်အဝန်း ၁၅၀၀ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအား စာချုပ်အမည်ပေါက်ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဦးသန်းလွင် ၉/မနတ(နိုင်)၀၀၇၄၆၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ကြည်ကြည်သာ ၁၁/စတန(နိုင်)၀၅၂၄၇၃ မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်း နှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်းကျွန်ုပ်တို့ထံသို့ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ်–၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ် ၅/၁၁၊ ဘီ(မြေညီ)၊ဗျိုင်းရေအိုးစင်လမ်း၊တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၅၁၁၈၀၀၀၇၊ ၀၉–၅၁၁၅၉၉၀၊ ၀၉–၅၁၈၃၅၆၉**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သန်လျင်မြို့တွင် နေထိုင်သူ မယုယုလှိုင်၏ဖခင် ဦးသန်းလှိုင် ၁၄/ဖပန(နိုင်)၀၃၅၉၄၆ နှင့် ဦးမင်းမင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းလှိုင်(ခ)ဦးမင်းမင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သာကေတမြို့နယ်၊ သုမန (၁)လမ်း၊ (၅)ရပ်ကွက်နေ မမင်းမင်းသွယ် ၁၂/သကတ(နိုင်)၁၃၅၈၅၈၏ ဖခင်အမည်မှန်မှာ ဦးရင်သွယ်(ခ)ဦးယဉ်သွယ် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ ဦးဇော်သင်း–ဒေါ်မြသန္တာစိုးတို့၏သမီး၊ အထက (၂)မှော်ဘီ၊ Grade–7 (A)တွင် ပညာသင်ကြားနေသော မစိန်မြရွှေသာ ၁၂/မဘန(နိုင်)၂၀၈၈၂၄ အား ယနေ့မှစ၍ မပန်းမြတ်မဥ္ဇူဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။ **မပန်းမြတ်မဥ္ဇူ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star Cityအိမ်ရာအတွင်းရှိ City Loft CL(5)၊အခန်းနံပါတ်(၄၀၄)၊ အကျယ်အဝန်း (၄၈၄) စတုရန်းပေ၊ အိပ်ခန်းတစ်ခန်း ပိုင်ဆိုင်သူ ဦးအေးချမ်းထွန်း ၁၂/လမတ(နိုင်) ၀၂၆၀၉၀ ထံမှ ကျွန်မ ဒေါ်သိင်္ဂီ ၁၂/ရကန(နိုင်) ၀၇၄၅၁၆ မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်းနှင့် ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဖြစ်မြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိင်္ဂီ(ဖုန်း–၀၉–၄၃၆၆၆၆၇)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၈၃၀/ကြပ်ပြင်ကြီးကွင်း၊ဦးပိုင်အမှတ် (N–၅၇)၊မြေ ဧရိယာ ၀ ဒသမ ၀၉၉ ဧကရှိ အစိုးရမြို့မြေကွက်အား ဒေါ်ဇင်နွယ်လင်း(ဘ)ဦးစိန်လင်း ၉/လဝန(နိုင်)၁၆၄၂၅၆ မှ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊တရားရုံးကျမ်းကျိန်မှုရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန်မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့၊ အမှတ် (၇) ရပ်ကွက်၊ ကွင်းအမှတ် (၄၀၀၊ မြို့မကွင်း)၊ ဦးပိုင်အမှတ် (၁၀၂/၃၊ ၁၀၃/၇)၊ ဧရိယာ ၀ဒသမ၂၆ဧကရှိ မြေအား မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ ဇီးဖြူကျွန်းကျေးရွာအုပ်စု၊ ဇီးဖြူကျွန်းကျေးရွာနေ ဦးဉာဏ်လင်းထိုက် ၁၄/ပသန(နိုင်)၀၀၆၄၆၉မှ ညောင်တုန်းမြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်မှူးရုံး၏ ၄-၁၀-၂၀၂၂ရက်စွဲပါ စက်မှု/စီးပွားဂရန်မြေအရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်ချိုဇင်သန့် ၁၂/ခရန(နိုင်)၀၉၇၁၄၃ (၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးမျိုးဇင်ကို)ထံမှ ဝယ်ယူ၍ စက်မှု/စီးပွားမြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ စက်မှု/စီးပွားဂရန်မြေအရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်နှင့်အညီ စက်မှု/စီးပွားမြေငှားဂရန် အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ အောင်သုခလမ်း၊ အမှတ်(၇၆/၇၇)နေ ဒေါ်ဝင်းဝင်းမော် ၇/ရကန(နိုင်) ၀၀၀၁၀၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝင်းဝင်းမော်မှ ဦးသီဟဗိုလ် ၉/မသန(နိုင်) ၁၃၃၀၂၁ ထံမှ (၁၀-၂-၂၀၂၂)ရက်၌ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီလမ်း၊ စတုတ္ထထပ်(ငါးလွှာ)၊ အမှတ်(၁၀၈၆)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းဖိုးငွေအပြည့်အဝပေးချေပြီး ယင်းနေ့၌ပင်မြေရှင်ဒေါ်သန်းသန်းရှိန်မှ အသိအမှတ်ပြုလက်မှတ်ရေးထိုးပေးခဲ့ပြီး အထက်ဖော်ပြပါတိုက်ခန်းအား ဥပဒေနှင့်အညီ ပိုင်ဆိုင်လက်ဝယ်ရရှိသွားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းပိုင် အထက်ပစ္စည်းစာရင်းပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးလိုက်သည်။ ပြုလုပ်ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ(LL.B)** | **ဒေါ်မိုးမိမိခိုင်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၃၃၆၉)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၄၉၁)** |

**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၅၅၆၇၇၆၁၅**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်ခွဲပျော် ဂီတပွဲတော် Season–2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဒုတိယအဆင့် Level–2 (Top–7) ပွဲစဉ်(၁၄၊ ၁၅)တွင် ပြဋ္ဌာန်းတစ်ပုဒ်၊ စိတ်ကြိုက်တစ်ပုဒ် သီဆိုယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၇)ဦးဖြင့် ပြုလုပ်မည့် ပွဲစဉ်(၁၆) ဖျော်ဖြေရေး အစီအစဉ်နှင့် Result Show အတွက် ရွေးချယ်ထားသည့် အောက်ပါတေးသီချင်း(၇)ပုဒ်ကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်–

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | နှင်းပွင့်သစ္စာ | ချင်းပြည်နယ် | (၁၆-၁၂-၂၀၂၂)ရက်နေ့ Level–2 ပွဲစဉ်(၁၆) Result Show |
| ၂ | ဆောင်းကြာခြည် | ရန်ကုန်တိုင်းဒေသကြီး | |
| ၃ | လွမ်းသူ့ဆောင်း | ပဲခူးတိုင်းဒေသကြီး | |
| ၄ | ချစ်သောဟေမာန် | ကရင်ပြည်နယ် | |
| ၅ | ဆောင်းအိပ်မက် | ကချင်ပြည်နယ် | |
| ၆ | ဒီနှစ်ဆောင်း | နေပြည်တော် | |
| ၇ | အမြတ်နိုးဆုံးနှင်း | ဧရာဝတီတိုင်းဒေသကြီး | |

## တစ်ဦးတည်းဖြစ်ပါကြောင်း

မူဆယ်မြို့၊ ကောင်းနောင်ရပ်ကွက် (A–61)နေ မငြိမ်းငြိမ်းဝင်းနိုင် ၈/ပခက(နိုင်) ၃၂၉၁၄၁ နှင့် အရှင်မွေးစာရင်းလက်မှတ်မှ မငြိမ်းကေခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မငြိမ်းငြိမ်းဝင်းနိုင်(ခ)မငြိမ်းကေခိုင် ၈/ပခက(နိုင်)၃၂၉၁၄၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးအဝေးသင်တက္ကသိုလ်၊ ကျိုင်းတုံဌာနခွဲ၊ မြန်မာစာအထူးပြု ၄မ–၁၉(၀၂၃)ဖြင့် ဖြေဆိုအောင်မြင်ထားသော စိုင်းတောင့်(ခ)အိုက်တောင့် ၁၃/တခလ(နိုင်)၀၉၁၇၈၇မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**စိုင်းတောင့်(ခ)အိုက်တောင့်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၅)၊ မြေကွက်အမှတ် (၁၁၀၂)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးကြည်ဝင်း (၁၂/သဃက (နိုင်) ၀၆၈၄၄၁)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကြည်မြင့် (၁၂/လသန (နိုင်) ၀၂၁၂၆၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၀၃၅) |
| **Hein Htet San Law Firm** | ဖုန်း–၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၃၆ |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီ (၁၄) လမ်း၊ တိုက်အမှတ်(၉၉၇)၊ အခန်း– မြေညီထပ် (A) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၈.၅ပေ× ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စိုးသန္တာလှိုင် (၁၂/ဗတထ(နိုင်) ၀၂၆၈၈၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်–၄၅၅၃၀) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃ |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ် (၅၉၆)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်လှရီ (၁၂/ဥကတ (နိုင်) ၀၅၁၁၉၀)ထံမှ ဒေါ်မေလီ (၉/ခမစ (နိုင်) ၀၁၈၂၈၄)ကိုင်ဆောင်သူက (၃-၁၂-၂၀၂၂) နေ့စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်စရံပေးကတိစာချုပ် ချုပ်ဆိုခဲ့ပြီး ယခုအခါ ရောင်းသူဝယ်သူတို့၏ နှစ်ဦးသဘောတူဆန္ဒအရ အထက်ဖော်ပြပါ စရံပေးစာချုပ်အား (၁၂-၁၂-၂၀၂၂) နေ့တွင် နှစ်ဦးသဘောတူဖျက်သိမ်းခြင်းစာချုပ်ကိုချုပ်ဆိုခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ရောင်းသူ နှင့် ဝယ်သူတို့ ပတ်သက်ခြင်းမရှိတော့ဘဲ ရောင်းသူစိတ်တိုင်းကျ လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် (၅-၁၂-၂၀၂၂)နေ့စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၁)တွင်ပါရှိသော ကန့်ကွက်နိုင်ကြောင်း သတင်းစာကြေညာအား တစ်ပါတည်းရုတ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်– ၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်– ၄၈၃၃၈) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ |




## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မြစ်ကြီးနားမြို့နယ်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၂

တပ်ကြပ်သန်းစိုး **နှင့်** ဒေါ်ရင်နန်း(ခ)ယဉ်နန်း

**တရားလို** **တရားပြိုင်**

ကချင်ပြည်နယ်၊တနိုင်းမြို့၊ တလုံအုပ်စု၊ တခက်ကျေးရွာနေ ဒေါ်ရင်နန်း(ခ)ယဉ်နန်း(ဘ)ဦးဝင်းမန်(ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို တပ်ကြပ်ဦးသန်းစိုးက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၇ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၆ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇွန်မျိုးမျိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပဲခူးခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၆၈

ရောဆွန်ပိုအာမခံကုမ္ပဏီလီမိတက် **နှင့်** ၁။ ဦးကျော်စိုးထွန်း
(၎င်း၏ကိုယ်စား တာဝန်လွှဲအပ်ခြင်းခံရသူ
ဒေါ်ဝါဝါထွန်း) ၂။ ဦးဘိုဌေး

**တရားလို** **တရားပြိုင်များ**

အောင်ဇေယျကားဂိတ်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီးနေ (၁)တရားပြိုင်ဖြစ်သော ဦးကျော်စိုးထွန်း(ယာဉ်မောင်း)(ယခုနေရပ်လိပ်စာမသိ) သူ သိစေရမည်။

သင့်အပေါ် တရားလိုက မော်တော်ယာဉ်အား ထိခိုက်ပျက်စီးသွားသည့်အတွက် နစ်နာမှုအပေါ် ငွေ(၁၄၅၀၀၀၀၀/-)လျော်ကြေးရလိုမှု လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၂၈ရက် (၁၃၈၄ခုနှစ် ပြာသိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၇ရက်အတွင်း ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## မိခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထက(ခွဲ) အောင်ဇေယျ Grade-10 မှ မောင်မိုးယံဦး၏ မိခင်အမည်မှန်မှာ ဒေါ်လှလှချော ၉/ပမန(နိုင်)၂၅၁၀၀၇ ဖြစ်ပါကြောင်း။

**ဒေါ်လှလှချော**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းဝေကျော် ၁၃/တကန (နိုင်) ၂၀၀၀၀၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၁၅၀၂၆**

## အမှားပြင်ဆင်ချက်

၁၃-၁၂-၂၀၂၂ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မြန်မာ့ဆေးဝါးလုပ်ငန်း၏ ဆေးဝါးစက်ရုံ(အင်းစိန်) တွင် ဆောင်ရွက်မည့် "Renovation of Main Production Building (600'x240') နှင့် ပြခန်းနှင့်ရှင်းလင်းဆောင် (460'x96') ဆောင်ရွက်ခြင်း" လုပ်ငန်းတင်ဒါပိတ်ရက်အား ၂၈-၁၂-၂၀၂၂ရက်နေ့ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/83789, Honda C-90, Custom CMP ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်ထက်ဦး ၈/ပခက(နိုင်)၀၀၀၁၇၀ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မန္တလေး)**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာနေ ဦးသိန်းတန် ၅/ဟမလ(နိုင်)၀၂၈၅၂၈ သည် ရွှေတောင်နဒီ သောက်ရေသန့်ကို စတင်ထုတ်လုပ်ရောင်းချခဲ့ပြီး ၎င်းရွှေတောင်နဒီ သောက်ရေသန့်ကို ကန့်ကွက်မည့်သူများရှိပါက (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းတန် ဖုန်း-၀၉-၈၉၁၈၃၇၀၂၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်အေးလှိုင် ၁၃/တကန(နိုင်) ၁၃၂၅၄၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၂၁၅၀၂၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ဌေး ၉/မခန (နိုင်) ၁၇၅၇၉၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၇၇၇၇၀၀၀၁**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ကွယ်လွန်သူ ခင်ပွန်း ဦးမျိုးဝင်း(ခ)အဗ္ဗဒူလ်ကာလင် အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန် ရရှိထားသော လှိုင်လင်ခရိုင် ပင်လုံမြို့၊ အမှတ်(၁)ရပ်ကွက်၊ လမ်းမတော်လမ်း၊ ဦးပိုင်အမှတ် ၃၉၊ ဧရိယာ ၀ဒသမ၃၉၈ကေရှိ အိမ်မြေ၏ မူရင်းဂရန် ပျောက်ဆုံးသွား၍ သက်ဆိုင်ရာရုံးဌာနများတွင် မိတ္တူကူးယူရန် လျှောက်ထားမည်ဖြစ်ပါသဖြင့် ယင်းအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရွှေမြ(ကွယ်လွန်သူ ဦးမျိုးဝင်း၏ဇနီး)**
**၁၃/လလန(နိုင်)၀၄၅၅၃၂**
**အမှတ် ၅၈၊ လမ်းမတော်လမ်း**
**ရပ်ကွက်(၂)၊ ပင်လုံမြို့**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အလက (၅) Grade-6မှ မောင်ဟိန်းမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးတင့်ဆွေ ၁၃/တကန (နိုင်) ၂၄၂၇၆၈ ဖြစ်ပါကြောင်း။

**ဦးတင့်ဆွေ**

## အမည်မှန်နှင့်မိခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထက (ဆီဆိုင်) Grade-5မှ မောင်လှိုင်ပြည့်လျှံ၏ အမည်မှန်မှာ မောင်လှိုင်ပြည့်သျှံ ဖြစ်ပြီး မိခင်အမည်မှန်မှာ မစိုးစိုးသူ ၁၃/ဆဆန(နိုင်) ၀၅၂၃၈၄ ဖြစ်ပါကြောင်း။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၁၄)၊ ဦးပိုင်အမှတ် (၁၆၉/၁)၊ မြေဧရိယာ ၀ဒသမ၁၂ကေရှိ မြေကွက်သည် မူလက ဒေါ်မီတုံထုဘူအမည်ဖြင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ မြေခွန်ပြေစာစည်းကြပ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်မှစ၍ ယနေ့ချိန်အထိ ဒေါ်ကော့လွမ်အမည်ဖြင့် မြို့မြေခွန်ပြေစာ စည်းကြပ်လျက်ရှိရာ ယခုအခါ ဒေါ် L.B ကော့လွမ် ၁/မကန(နိုင်)၀၁၃၇၄၀နှင့် ဦးဘေလားဖုန်ရှိန်းအောင် ၁/မကန(နိုင်)၂၄၅၇၉၇တို့ (၂) ဦးအမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မင်းလှမြို့၊ ကြို့ကုန်း(၁)ကျေးရွာအုပ်စု၊ ကြို့ကုန်းကျေးရွာ၊ ကွင်းအမှတ် ၉၁၇၊ကွင်းအမည်(ကြို့ကုန်းကွင်း)၊ ဦးပိုင်အမှတ် (၁၀၅-C)၊ မြေဧရိယာ ၁ဒသမ၀၀ ဧကသည် မူလပိုင်ရှင် ဦးသာဒင်ဖြစ်ပြီး ယခုအခါ အမှတ်(၆)ရပ်ကွက်၊ ဈေးချိုတန်းလမ်းနေ ဦးခင်မောင်ထွန်း ၇/မလန(နိုင်)၀၆၃၂၇၅ မှ ဝယ်ယူထား၍ (၃.ခ)ရရှိခဲ့ပြီး ပိုင်ဆိုင်မှုပေါ်လွင်ခြင်း အလို့ငှာ(စက်မှု/စီးပွား) ဂရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိလျှင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မင်းလှမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 67W/93870 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်အောင် ၉/ကပတ(နိုင်)၂၆၁၄၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1H/6519 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၅/အတန(နိုင်) ၀၀၇၂၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်ဆွေဦး ၅/ပလန(နိုင်)၁၀၃၃၂၀ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၈၁၅၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့နေ ဒေါ်အေး ၇/ဖမန(နိုင်)၀၃၅၇၀၇မှ ဖြူးမြို့နယ်၊ ကညွတ်ကွင်းအနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁-ခ)၊ ရွာမရပ်ကွင်း၊ ဦးပိုင်အမှတ် (၃၀-ခ)၊ ဧရိယာ ၀ဒသမ၀၃၇ကေရှိ အရှေ့-ရန်ကုန်-မန္တလေးကားလမ်း၊ အနောက်-ဦးပိုင်အမှတ်(၃၁)၊ တောင်-ဦးပိုင်အမှတ် (၃၀-က)၊ မြောက်-ဦးပိုင်အမှတ်(၃၀-ခ) အလားလေးရပ်အတွင်းရှိ ကိုညီပု၊ ကိုညီလေးအမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ဒေါ်အေးအမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ၇-၁-၂၀၂၃ရက်မတိုင်မီ ဖြူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်ဦးစီးဌာနမှူး**

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**ဖြူးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ကမ်းနားလမ်း၊ တိုက်အမှတ် (၂၁၆)၊ ၄-လွှာ၊ အကျယ်အဝန်း (၁၅ပေx ပေ ၇၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစိုးနိုင်(ခ)ဦးစောနိုင် ၁၃/လရန(နိုင်) ၀၆၂၅၂၉မှ ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်မှုတစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းလက်လေးမောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၉၀၄)**
**အခန်း (A-၁၁/၁၂)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၄၂၅၂၂၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့၊ဗိုလ်ကုန်းရပ်၊အကွက်အမှတ်(၆၄၁) အကွက်အမည်က မာနတ်ကွင်း ဦးပိုင်အမှတ်(၃၁ည၁)၊ ဧရိယာ (၀ဒသမ၁၆၀)ကေရှိ ဘိုးဘပိုင်မြေ အလားအလာရှိသည့်

(က) အရှေ့လားသော်- ဦးပိုင်အမှတ် ၄၁

(ခ)အနောက်လားသော်- လမ်း

(ဂ) တောင်လားသော်- သနပ်ပင်လမ်း

(ဃ) မြောက်လားသော်- ဦးပိုင်အမှတ် ၃၁ည၂

ဒေါ်နန်းလင်း ၇/ပခန(နိုင်) ၁၇၅၆၂၁အမည်သို့ အမည်ပြောင်းလဲလျှောက်လာပါသဖြင့် တရားဝင်သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁လ အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 2W/52341 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန်းရင် ၂/လကန(နိုင်)၀၁၇၄၇၃ က (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လှိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ဟင်္သာတမြို့၊ ပတ္တမြားရပ်ကွက်၊ အကွက်အမှတ်(၃၄)၊ ပတ္တမြားချောင်ရပ်၊ ဦးပိုင်အမှတ်(၃၄ည)၊ ဧရိယာ(၀ဒသမ၁၅၀)ကေရှိ မြေကိုဦးတင်ဝင်းအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဟင်္သာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊**
**ဟင်္သာတမြို့**

